ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ တနင်္လာနေ့၊ (20-11-2006) (၅၁၄၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ပုသိမ်၊ မအူပင်၊ ဟင်္သာတတို့ကို အထူးဖွံ့ဖြိုးရေးဒေသအဖြစ် သတ်မှတ် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တံတားကြီး ၄၂စင်း တည်ဆောက်ပေးခဲ့

ငပုတောမြို့နယ်နှင့် မော်လမြိုင်ကျွန်း မြို့နယ်တို့မှလွဲ၍ ဧရာဝတီတိုင်းတစ်ခုလုံး ကားလမ်းများကို အသုံးပြုနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်း ဖျာပုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖျာပုံမြို့မှ ဖျာပုံ–ဘိုကလေး ကားလမ်းတစ်လျှောက် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် ဖျာပုံ–ဘိုကလေး ကားလမ်း အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီခွဲတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင် သန်းသည် ဘိုကလေးမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက ဘိုကလေး မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မြို့နယ်၏ မြေအသုံးချမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်(၅)ရပ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ များကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဘိုကလေးမြို့နယ် စက်ဆန်း ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ခေါင်းပါး အညွှန်း

“အကျဉ်းဦးစီးဌာနဟာ ခေတ်နဲ့အညီ သန့်ရှင်းအောင်၊ ကျန်းမာအောင် လက်တွေ့ ဆောင်ရွက်နေပါပြီ။ “ပုံစံမလို အဝစား”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည့်ပြည့်ဝဝကျွေးနေ ပါတယ်။ သောက်ရေသန့် အဝသောက်နေရပါတယ်။ အနံ့ဆိုးတဲ့ မိလ္လာစနစ်ပယ်ဖျက်ပြီး ရေလောင်းအိမ်သာစနစ်ကို ကျင့်သုံးနေပြီမို့ အပုပ်ချတဲ့ ကောလာဟလစကားတွေ မယုံကြည် ကြပါနဲ့၊ သက်ဆိုင်ရာ ခွင့်ပြုချက်ဖြင့် တစ်ခါလောက် လေ့လာကြပါ”

သတင်းထောက် စဥ့်ကူစိုးဝင်း၏ **“ဗျို့... ဟစ်၍သာ ဖိတ်ကြားချင်ပါသည်”**

(ခေါင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၁၁-၂၀၀၆
(တနင်္လာနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးမြှင့်ဖော်ဆောင်

နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများ၌ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး တိုးတက်ကောင်းမွန်စေရန် အခြေခံအဆောက် အအုံများကို တိုးမြှင့်တည်ဆောက်ပေးနေသည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် လမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ဒေသအလိုက် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပတ်ဝန်းကျင် ကျေးရွာနေ ပြည်သူများ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလာလျက်ရှိသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလည်း နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာခုနစ်ထောင်ကျော်မှာ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနေကြပြီဖြစ်သည်။ အလားတူ အခြား ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ကျေးရွာပေါင်းရှစ်ထောင်ကျော်တွင်လည်း သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ကြပြီဖြစ်သည်။

စည်ပင်သာယာရေးဦးစီးဌာနက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြို့နယ်ပေါင်း ၃၀ ကျော်၌ မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ လူမှုရေးအသင်း အဖွဲ့များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများကပါ ငွေကြေးသဒ္ဓါတရား ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းလျက်ရှိရာ ပိုမိုတိုးတက်အောင်မြင်လျက်ရှိသည်။

ထို့ပြင် ဒေသအလိုက် အခြေခံပညာ ကျောင်းဆောင်သစ်ဖွင့်ပွဲများ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ကျေးလက်အိမ်ရာနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကိုပါ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးစည်ပင်လာနေပြီဖြစ်သည်။

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်၊ အလှူရှင်များ၏ ငွေအား၊ လူအား၊ စေတနာအားတို့ဖြင့် ပေါင်းစည်းညီညီ လက်တွဲကြိုးပမ်း ဖော်ဆောင်ကြခြင်းဖြင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။ ။

သုံးထပ်ဆောင် ဆောက်လုပ်ရန် လှူဒါန်း

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် တောင်ဥက္ကလာပမြို့နယ် မာဃ(၁၂)လမ်းနေ ကွယ်လွန်သူ အဘိုး၊ အဘွား၊ မိဘများကို ရည်စူး၍ ဒေါ်ဒေါ်လီရွှေနှင့် သား၊ သမီး၊ မြေးမိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ရှေ့မှောက်တွင် အကျိုးတော်ဆောင် မောင်ဖိုးဇော်(ညောင်ဦး)ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ တိုင်းမှူးတက်ရောက် စစ်ကိုင်းတိုင်းဥက္ကဋ္ဌဖလား ကာယဗလနှင့် အလှမယ်ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၂ရက် နံနက်ပိုင်းက မုံရွာမြို့ တိုင်းအားကစားကွင်း၌ကျင်းပသော အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာမြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ထို့နောက် တိုင်းမှူးက အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား၊ ကာယဗလနှင့် အလှမယ်ပြိုင်ပွဲသို့ တက်ရောက်၍ အတန်းလိုက် ကာယဗလမောင်များ ယှဉ်ပြိုင်နေမှုနှင့် ခရိုင်အလိုက် ကာယအလှမယ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကာယဗလမောင်ပြိုင်ပွဲ ဆုရရှိကြသူများအား တိုင်းမှူးကလည်းကောင်း၊ ကာယအလှမယ်ပြိုင်ပွဲ ဆုရရှိကြသူများအား ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေးကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်၍ နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးက အသင်းလိုက် တံခွန်စိုက်ဆုရရှိသော မုံရွာခရိုင်အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များနှင့် သရုပ်ပြကာယအလှမယ်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းနှင့် ပြိုင်ပွဲတွင် ခရိုင်အသီးသီးမှ ကာလဗလမောင် ၂၄ ဦးနှင့် ကာယအလှမယ် ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

၁၉၇၄-၇၅ ပညာသင်နှစ် ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားပြီးဖြစ်သော ဆရာကြီးများ၊ ကျောင်းသား၊ ကျောင်းသူများအား ရည်စူး၍ ငွေပဒေသာပင် ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာနေ ဦးတင်ဦး၊ ဒေါ်သန်းသန်းစိုး သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၉

စက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)၌ ပညာဆည်းပူးခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒီဇင်ဘာ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မော်လမြိုင်ခမ္မာရုံ(ရွှေတိဂုံဘုရား အနောက်ဘက်မုခ်)၌ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုမောင်မောင် MT)ဖုန်း ၀၉-၅၁ ၄၉၉၉၀၊ ကိုရွှေဝင်း (MP)ဖုန်း ၀၉ ၅၁ ၁၀၇၅၈၊ ကိုမိုးဆန်း (EP)ဖုန်း ၀၉ ၅၁ ၄၁၃၅၂၊ ကိုစိုးမြင့်သိန်း(MP)ဖုန်း ၀၅၆ ၂၁၄၄၃၊ ကိုသက်ခိုင် (MT) ဖုန်း-၅၇၇၆၃၂၊ ကိုနေလင်း(Civil) ဖုန်း-၀၉၉ ၉၂၆၈၆၂ နှင့် ကိုဇော်နိုင်ဝင်း (Civil) ဖုန်း ၀၉ ၅၁ ၆၈၈၆၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ဗျိုး . . . ဟာစ်၍သာ ဖိတ်ကြားချင်ပါသည်

သတင်းထောက် စဉ်ကူစိုးဝင်း

ကျွန်တော်က ကော်လံစား သတင်းထောက် တစ်ဦးပါ။ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မိသားစုက အင်းစိန် အကျဉ်းဦးစီးဌာနဝင်းအတွင်း ကျပ်သိန်းနှစ်ရာကျော် အကုန်အကျခံ ဆောက်လုပ်ပြီး အောက်တိုဘာ ၁၇ ရက်နေ့က ရေစက်ချလှူဒါန်းခဲ့တဲ့ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်း သိမ်၊ နှစ်ထပ်ကျောင်းဆောင်၊ မဟာရံတံတိုင်း အလှူပွဲနှင့်ပတ်သက်ပြီး ဂျာနယ်မှာ ဆောင်းပါးရေးဖို့ အောက်တိုဘာ ၁၉ ရက်က အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းထံ သွားရောက်တွေ့ဆုံပါတယ်။

ထိုမှ တစ်ဆင့် ထောင်အတွင်း သွားရောက်ကြည့်ရှုလေ့လာခွင့် ရခဲ့ပါတယ်။ ထောင်အတွင်း ဘူးတံခါးကျော်သည်နှင့် အတွင်းအုတ်နံရံဖြူဖြူပေါ်မှာ စာလုံးတစ်လုံးလျှင် တစ်ပေခန့်ရှိ ဆေးနီရောင်ဖြင့် **ပုံစံမလို အဝစား** ဟု ရေးသားထားသည့်စာတန်းများက ကြိုဆိုနေပါတယ်။

ပထမဦးဆုံး ထောင်ကျလူငယ် သီးသန့် အိပ်ဆောင်အနီး ဖွင့်လှစ်ထားတဲ့ စာသင်ကျောင်းကို လေ့လာခဲ့ပါတယ်။ ကျောင်းစိမ်းပုဆိုး၊ အင်္ကျီဖြူနှင့် ပြစ်ဒဏ်ကျ အသက် ၂၀၊ ၁၈နှစ်ကြား လူငယ်များ စာသင်နေတာကို တွေ့ရပါတယ်။ ကျွန်တော် လေ့လာမှာကိုသိလို့ ကြိုတင်စည်းဝါးတိုက် လုပ်ထားခြင်း မဟုတ်ပါ။

ညွှန်ကြားရေးမှူးချုပ်ထံ ခေတ္တလာတွေ့သည့် ဧည့်သည်သာဖြစ်ပြီး ထောင်အတွင်း ဝင်ရောက်ကြည့်ရှုရန် ငါးမိနစ်အတွင်း စီစဉ်ရသဖြင့် မည်သို့မျှ ကြိုတင်ပြုလုပ်ထားခြင်း မရှိပါ။ ပြစ်ဒဏ်ကျလူငယ်များ၏ ပြစ်ဒဏ်ကျကာလမှာ နှစ်နှစ်မှ နှစ် ၂၀ အထိရှိပြီး အများအားဖြင့် ခိုးမှုနှင့် ပြစ်ဒဏ်ကျခံရသူများဖြစ်ပြီး စာလုံးဝမတတ် သူများဖြစ်သဖြင့် ယင်းတို့၏ ကြမ်းတမ်းလှသော ဘဝကို စာနာမိပါတယ်။ ပြင်ပတွင်ယင်းတို့အရွယ်သည်တက္ကသိုလ်ကျောင်းသား သို့မဟုတ် ဘွဲ့ရပြီး ဖြစ်မှာပါ။ အခုတော့ ပထမတန်းမှ စတင် စာသင်နေရပါတယ်။

“လူငယ်တွေဖြစ်လို့ အသက်ကြီးတွေနဲ့ ရောမထားပါဘူး။ အသက်ကြီးတွေက အနိုင်ကျင့်တတ်တယ်၊ မကောင်းတဲ့ အကျင့်တွေလည်း ပေးတတ်တာမို့ အတူမထားတာပါ။ လူငယ်တွေဟာ အပြင်မှာ စာလုံးဝမရေးတတ်၊ မဖတ်တတ်ပေမယ့် အခုတော့ အကျဉ်းဦးစီးဌာန တာဝန်ရှိသူအဆင့်ဆင့်ရဲ့ စေတနာကြောင့် ပြစ်ဒဏ်ကျခံရင်း စာသင်ခွင့်ရတာမို့ စာရေးတတ်၊ ဖတ်တတ်နေပါပြီ၊ အင်းစိန်အမက (၂၅)ရဲ့ ကျောင်းသားစာရင်းဝင်တာမို့ အတန်းတင်စာမေးပွဲ တွေလည်း ဖြေခွင့်ရပါတယ်၊ မနှစ်က ၃၅ ယောက် ဝင်ဖြေတာ အားလုံးအောင်မြင်ခဲ့ပါတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူးဦးသက်ရှည်က ပြောပြပါတယ်။

ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း အသီးသီးမှာ စာသင်နေကြတဲ့ ပြစ်ဒဏ်ကျ လူငယ်တွေကို ကျွန်တော် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါတယ်။ လူငယ်တွေဟာ အိပ်စရာ၊ စားစရာ၊ နေစရာ ပူစရာမလိုဘဲ စာသင်ခွင့်ရတာကို ပျော်နေကြပါတယ်။ စာတစ်လုံးမှ မရေးတတ်ဘဲ မိဘများနဲ့ ကင်းကွာကာ အသက် ၁၈နှစ်အရွယ်အထိ ပြစ်မှုမျိုးစုံ ကျူးလွန်ပြီး စာမသင်ခဲ့ရဘဲ အခု စာရေးတတ်၊ ဖတ်တတ်တာကို ကျေနပ်နေကြပါတယ်။ ကျေးဇူးလဲ တင်နေကြပါတယ်။ ဒီအုတ်ရိုးအတွင်းက ပြန်ထွက်လို့ အပြင်ရောက်ရင် ဘဝကို ကောင်းမွန်စွာ ရပ်တည်ကြမယ်လို့ အများစုက ပြောပါတယ်၊ တစ်ဝက်လောက် ဘဝကို ကောင်းမွန်စွာ ရပ်တည်နေကြရင်ပဲ တာဝန်ရှိသူများရဲ့ စေတနာဟာ တန်ဖိုးရှိလှပါတယ်။

၁၈ ရာစုက အင်္ဂလန်နိုင်ငံမှာ ခါးပိုက်နှိုက်များကို လူအများရှေ့မှာ ကြိုးပေးသတ်ပါတယ်။ ရည်ရွယ်ချက်ကတော့ နောင်ကြဉ်ပဟန့်တားစေအောင် ပြုလုပ်တာပါ။ ဒါပေမယ့် တရားခံကို ကြိုးပေးသတ်နေစဉ်မှာပဲ ကြည့်နေသူအချို့ ခါးပိုက်နှိုက်ခံရမှုတွေ ဖြစ်ပါတယ်။ ရာဇဝတ်မှုတွေဟာ အမှား၊ အမှန်ကို ကောင်းစွာမဝေဖန် မပိုင်းခြားနိုင်သူများနဲ့ စိတ်ဝေဒနာ ခံစားရသူများက ကျူးလွန်တယ်လို့ ဥပဒေပညာရှင်တစ်ဦး ရေးတာကို ကျွန်တော် ဖတ်ဖူးပါတယ်။

ဒါ့ကြောင့် **ယနေ့ ပြစ်ဒဏ်ကျခံရသူများကို စိတ်ဓာတ်ကောင်းမွန်စေဖို့ ရည်ရွယ်ပြီး အကျဉ်းဦးစီးဌာနက ဆောင်ရွက်နေတာဖြစ်ပါတယ်။ စာသင်ခန်းတွေအထဲမှ ရေသန့်ဘူးကြီးတွေ အစီအရီတင်ထားတာတွေ့လို့ မေးကြည့်တော့ အင်းစိန် ဗဟိုအကျဉ်းထောင်က ရေသန့်စက်ရုံကို ထောင်အတွင်းတည်ဆောက်ထားပြီး အကျဉ်းသားများသာမက မိသားစုများပါ အခမဲ့ သောက်ရေသန့် ဒါနပြုတာကို ပြောပြလို့ အံ့သြခဲ့ရပါတယ်။**

တစ်ဆက်တည်းမှာပဲ အမျိုးသားအချုပ်ဆောင် အနီး ရေသန့်စက်ရုံကို လိုက်ပို့ပါတယ်၊ စက်ရုံမှာ တန်ဖိုးကျပ် ၄၃၇ သိန်းကျော် အကုန်အကျခံ တည်ဆောက်ထားပြီး **“သုံးဆယ့်တစ်ဘုံသား အများကောင်းမှု”** ခေါင်းစဉ်ဖြင့် ဦးအောင်မြတ် (Mother, Trading, Co,.Ltd.) မိသားစုက လှူဒါန်းထားတဲ့ စာတန်းကို တွေ့ရပါတယ်။

အင်းစိန်ထောင်ကို အင်္ဂလိပ်အစိုးရလက်ထက်က တည်ဆောက်ခဲ့ကာ အကျဉ်းသားတွေကို မသန့်တဲ့ရေ၊ ခဲပုပ်ရေကို တိုက်ကျွေးခဲ့ပြီး ရေတွင်းနက်နက်မှာ ရေခပ်သုံးတဲ့စနစ် ကျင့်သုံးခဲ့ပါတယ်။ မိလ္လာမှာ **“ဂံဖလား”** လို့ခေါ်တဲ့ အင်တုံနဲ့ခံပြီး ဆီးကို စဉ့်အိုးနဲ့ခံကာ **“ဒီဇယ်”** လို့ ထောင်အခေါ်အဝေါ်နဲ့ ခေါ်ခဲ့ကြပါတယ်။ လုံခြုံရေးအရ အိမ်သာတက်ရင် ရှေ့တံခါးမရှိလို့ မလုံခြုံခဲ့ကြောင်း ထောင်အကြောင်းရေးတဲ့ ဝတ္ထုတွေကို ဖတ်ဖူးပါတယ်။ ခေတ်တွေ ပြောင်းလဲလာတာနဲ့အမျှ အကျဉ်းသားများရဲ့ ခံစားမှုလည်း ပြောင်းလဲလာတာကို မျက်မြင်ကိုယ်တွေ့ပါ။

ကျွန်တော်တို့အများစုက နေ့စဉ် သောက်ရေသန့်ကို မသောက်နိုင်ပါဘူး၊ အခု ဗဟိုအကျဉ်းထောင် အတွင်း အကျဉ်းသားလို့ခေါ်တဲ့ အချုပ်သား၊ ထောင်ကျအားလုံးနဲ့ အကျဉ်းဦးစီး မိသားစုအားလုံး နေ့စဉ် ကြိုက်သလောက် သောက်နိုင်အောင် စီစဉ်ပေးသူများ၊ အလှူရှင်များကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အင်းစိန်ထောင်သာမက မန္တလေး၊ သာယာဝတီ၊ မြင်းခြံ၊ မြောင်းမြ၊ ဘူးသီးတောင် ထောင်တွေအတွက် အလှူရှင်တွေရှိလို့ တပ်ဆင်ဖို့ စီစဉ်နေကြောင်း သိရပါတယ်။

ရေသန့်စက်ရုံက အဖြစ်ဆောက်လုပ်ထားတာ မဟုတ်ပါဘူး၊ ကြိုက်သလို စစ်ဆေးနိုင်တဲ့ အဆင့်မီ ရေသန့်စက်ရုံပါ၊ ရေသန့်စက်ရုံအနီးရှိ အမျိုးသား အချုပ်ဆောင်ကို ဝင်ကြည့်ပါတယ်။ ရုပ်မြင်သံကြား အပေါ်စက်နဲ့ ရေလောင်းအိမ်သာကိုတွေ့လို့ မေးကြည့်တော့ တီဗွီကို ည ၉ နာရီအထိ အဆောင်တိုင်းမှာ ပြသကြောင်း၊ သတင်းစာလဲ ဖတ်ခွင့်ပြုကြောင်းနဲ့ ယခင်ကလို (မိလ္လာဘုတ်)လို့ခေါ်တဲ့ စနစ်မရှိကြောင်း၊ သန့်ရှင်းသပ်ရပ်တဲ့ ရေလောင်းအိမ်သာကိုသာ သုံးကြောင်း ပြောပြကြပါတယ်။ အိမ်သာရှေ့ တံခါးရှိပြီး နှစ်ပေခန့်အလုံ ကာထားပါတယ်။ အထဲမှာ လူရှိနေတာကိုသိအောင် ပလတ်စတစ်အကြည်နဲ့ အပေါ်မှာ ကာထားပါတယ်။

ရေသန့်စက်ရုံက ပြန်ထွက်လာပြီး ထောင်ဆေးရုံကို ရောက်ခဲ့ပါတယ်။ နှစ်ထပ်ဆေးရုံကို ပြန်လည် မွမ်းမံနေပါတယ်။ အောက်ထပ်ကို ကြွေပြားတွေ ခင်းနေတာ တွေ့ရပါတယ်။ သွားဆရာဝန်၊ အရိုးဆရာဝန်နှင့် အထွေထွေရောဂါကု ဆရာဝန်များ၊ ဆရာဝန်ကြီးများ တွေ့ရပါတယ်။ ကျွန်တော်နဲ့သိတဲ့ အရိုးကုဆရာဝန်ကြီးများကို အမှတ်မထင် တွေ့လိုက်ရလို့ ဝမ်းသာခဲ့ရပါတယ်။

မျက်စိအထူးကု ဆရာဝန်ကြီးအဖွဲ့ကိုလည်း ကျွန်တော် ထောင်ဘူးဝမှာ တွေ့ခဲ့ရပါတယ်။ သတ်မှတ်တဲ့ရက်တွေမှာ ထောင်အတွင်းရှိ လူနာများကို လာရောက်စမ်းသပ် ကုသပေးတာလို့ ပြောပြပါတယ်။ ထောင်ဆေးရုံဟာ ဝေဒနာခံစားရတဲ့ အကျဉ်းသားတွေ စိတ်ချမ်းမြေ့စွာ ကုသနေတာ မျက်မြင်ကိုယ်တွေ့ပါ။

စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော်ဟာ ဘယ်သူကမှ လွှတ်လိုက်တဲ့ သတင်းထောက် မဟုတ်ပါဘူး။ တာဝန်ရှိ ညွှန်ကြားရေးမှူးချုပ်ထံ ဘာသာရေးဆောင်းပါးအတွက် သွားရောက်တွေ့ဆုံ တင်ပြရာမှ အမှတ်မထင် လေ့လာခွင့်ရတာပါ။ ကျွန်တော် လေ့လာတာကလည်း ကျွန်တော် သိချင်တာပဲ ရှိပါတယ်။ စာရေးမယ်လို့ ရည်ရွယ်ချက် မရှိသလို ဘယ်သူကမှလည်း အရေးမခိုင်းပါဘူး။ ကျွန်တော်က အနှောင်အဖွဲ့လွတ်တဲ့ ကော်လံစားသတင်းထောက်ပါ။

ပြင်ပမှာ ပြောဆိုနေကြတဲ့အသံတွေ အင်းစိန်ထောင်အကြောင်း ကြားနေရပါတယ်။ မမှန်မကန် ပြောနေတာပါ။ ထောင်ဆိုတာ ပြစ်မှုကျူးလွန်သူတွေကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ထိန်းသိမ်းထားရတဲ့နေရာပါ၊ အလှပေါင်းစုံ၊ ဘဝပေါင်းစုံ၊ လူပေါင်းစုံပါ။ ထောင်အမှုထမ်းတွေက တရားရုံးတစ်ခုရဲ့ အမိန့်မပါရင် ဘယ်သူ့ကိုမှ ထိန်းထားလို့မရပါဘူး။ လွှတ်ရက်က ရုံးပိတ်ရက်နဲ့ တိုက်နေရင်တောင် ရုံးဖွင့်ရက်မှာ စောလွှတ်ရပါတယ်။ ပိုပြီးချုပ်ထားခွင့် မရှိပါဘူး။

အင်္ဂလိပ် တည်ဆောက်ခဲ့တဲ့ မိလ္လာစနစ်၊ ရေစနစ်၊ ပုံစံစနစ်တွေကို ကျင့်သုံးခဲ့ရာက ခေတ်မီအောင်၊ ကျန်းမာရေးကောင်းအောင် အကျဉ်းဦးစီးဌာနက ဆောင်ရွက်နေဆဲပါ။ အပြင်မှာ ဘယ်လောက်ရာထူးရှိရှိ၊ ဘယ်လောက်ချမ်းသာချမ်းသာ ထောင်ထဲဝင်တာနဲ့ အပြင်မှာရှိတဲ့ဂုဏ်ဒြပ်တွေ ဘူးဝမှာချိတ်ထားပြီး ပုံစံအတိုင်း သွား၊ လာ၊စား၊ အိပ်ကြရပါတယ်။ အပြင်မှာလို စည်းကမ်းပျက်နေလျှင် ထောင်ဆိုတာ လူတွေအမြဲလာချင်တဲ့ ဧည့်ဂေဟာကြီးလို ဖြစ်နေမှာပေါ့။

နေ့စဉ် အကျဉ်းသား၊ အချုပ်သားတွေကို ထမင်းကျွေးရ၊ ဆပ်ပြာပေးရ၊ အဝတ်အထည်ပေးရ၊ ဆေးကုသပေးရတာက နိုင်ငံတော်ငွေနဲ့ ကုန်ကျတာပါ။ နေ့စဉ် ဘယ်လောက်ကုန်မလဲဆိုတာ စဉ်းစားကြည့်ကြပါ။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အားလုံးခံစားမှုလဲ တိုးတက်လာမှာပါ။ စီးပွားရေး ပိတ်ဆို့မှုတွေ၊ ပြည်တွင်းမငြိမ်မသက်မှုတွေ ရှိနေသမျှ နိုင်ငံတိုးတက်မှု နှေးကွေးကာ ခံစားတိုးတက်မှု နှေးကွေးရမှာက ဓမ္မတာပါ။

ရေသန့်စက်ရုံ အလှူရှင် ဦးအောင်မြတ်ကို ကျွန်တော် မမြင်မတွေ့ဖူးပါဘူး၊ ကျွန်တော် လွန်စွာကျေးဇူးတင်ခဲ့ပါတယ်။ ဦးအောင်မြတ်လို အလှူရှင်တွေ ရှိနေရင် အတိတ်ဘဝက ကုသိုလ်ကံအားနည်းလို့ ပစ္စုပ္ပန်မှာ အကျဉ်းသား ဖြစ်နေရသူတွေအတွက် သက်သာရာရမှာပါ။

ဒါ့ကြောင့် ဒီနေ့ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းသားဘဝ ရောက်ခဲ့ရသူတွေဟာ အတိတ်က ကုသိုလ်ကံဆိုးကြောင့် ဖြစ်ရတာပါ။ **ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ** ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး သတိတရားနဲ့ နေကြရင် အတိတ်က ကုသိုလ်ကံဆိုး ဆိုတာလဲ ရှိမှာ မဟုတ်ပါဘူး။

အင်းစိန်ထောင်ဟာ ညစ်ပတ်တယ်။ သန့်ရှင်းမှု မရှိဘူးလို့ ပြောကြရတာတွေဟာ လုံးဝမဟုတ်ပါဘူး။ အချို့ဆိုရင် ထောင်ကို အကြောင်းအမျိုးမျိုးကြောင့် အခေါက်ခေါက်အခါခါ ပြန်လာတာကို တွေ့ရပါတယ်။ ထောင်ဆိုတာ ကိုယ့်အိမ်လောက်ဘယ်တော့မှ ကောင်းမှာ မဟုတ်ပါဘူး။ အပြင်မှာ ထင်ရာလုပ်ပြီး အထဲမှာ ဇိမ်ကျကျနေရရင် ဘယ်မှာ လူကောင်းရှိပါတော့မလဲ။

ဒါ့ကြောင့် ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်သားများက မိမိရဲ့အခြေအနေကို ရိုးသားစွာ သုံးသပ်ရင်၊ ပုံစံအတိုင်း နေထိုင်ကြရင် အားလုံးစိတ်ချမ်းသာရမှာပါ။

ကျွန်တော်က အညာသား တောသားပါ။ ကျွန်တော်တို့ရွာမှာ ယနေ့အထိ ပုံနှိပ်စက်၊ ကွန်ပျူတာ၊ မိတ္တူကူးစက်ဆိုတာ မရှိသေးပါဘူး။ ကျွန်တော် ကိုယ်တိုင် ငယ်စဉ်က ရွာမှာ သာရေးနာရေးရှိလျှင် **“ဗျိုး”** ဟာစ် ဖိတ်ခဲ့ရပါတယ်။

အခုလည်း အကျဉ်းဦးစီးဌာနဟာ ခေတ်နဲ့အညီ သန့်ရှင်းအောင်၊ ကျန်းမာအောင် လက်တွေ့ဆောင်ရွက်နေပါပြီ၊ **“ပုံစံမလိုအဝစား”** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ပြည့်ပြည့်ဝဝ ကျွေးနေပါတယ်။ သောက်ရေသန့် အဝသောက်နေရပါတယ်။ အနံ့ဆိုးတဲ့ မိလ္လာစနစ် ပယ်ဖျက်ပြီး ရေလောင်းအိမ်သာစနစ်ကို ကျင့်သုံးနေပြီမို့ အပုပ်ချတဲ့ ကောလာဟလစကားတွေ မယုံကြည်ကြပါနဲ့၊ သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် တစ်ခါလောက်လေ့လာကြပါ။ ဒါမှမဟုတ် ရုံးဖွင့်ရက်မှာ အင်းစိန် ဗဟိုအကျဉ်းထောင် အောင်မင်္ဂလာခန်းမမှာ နေ့စဉ်နံနက်ပိုင်း အကျဉ်းဦးစီးဌာန၊ ထောင်ပိုင်နှင့် အထက်တာဝန်ရှိသူများက ဆိုဆုံးမလွှတ်သည့် လွတ်လူများကို တွေ့ဆုံကာ ပကတိအဖြစ်မှန်များ စုံစမ်းမေးမြန်းနိုင်ကြောင်းပါ– ဗျိုး …ဟု ဗျိုး … ဟာစ်၍သာ ဖိတ်ကြားချင်ပါတော့တယ်။ ။

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း နိုဝင်ဘာ ၁၇ ရက်တွင် အောင်မင်္ဂလာခန်းမ၌ အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ရက်စေ့ လွတ်လူများနှင့် ၎င်းတို့၏မိဘများ၊ မိသားစုများ၊ မိတ်သင်္ဂဟများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားစဉ်။

မလေးရှားတွင် နန်းတော်သစ် တည်ဆောက်မည်

ကွာလာလမ်ပူ နိုဝင်ဘာ ၁၉

မလေးရှားနိုင်ငံတွင် အမျိုးသားနန်းတော်သစ် ဆောက်လုပ်မည်ဖြစ်ပြီး နန်းတော်အဆောက်အအုံသစ်မှာ ၂၀၀၉ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ကြီး ဆမ်မီဘဲလူက စနေနေ့တွင် ပြောကြားသည်။

ရင်းဂစ်သန်း ၄၀၀ (အမေရိကန်ဒေါ်လာ ၁၀၈ ဒသမသန်း) ကုန်ကျမည့် အဆိုပါနန်းတော်သစ်ကို ၉၆ ဒသမ ၅၂ ဟက်တာရှိ တောင်ကုန်းထိပ် မြေနေရာပေါ်တွင် တည်ဆောက်မည်ဟု ၎င်းက ပြောကြားသည်။

နန်းတော်ဆောက်လုပ်ရေးလုပ်ငန်းများကို လာမည့်ဇွန်လတွင် စတင်မည်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြေနေရာ ကျယ်ကျယ်ဝန်းဝန်းရှိသည့် နန်းတော်သစ် အဆောက်အအုံ ဆောက်လုပ်ရန် လိုအပ်ကြောင်း၊ ယခုအခါတွင်အစ္စတာနာနီဂါရာ(အမျိုးသားနန်းတော်) ကို နိုင်ငံတော် အခမ်းအနားများနှင့် အစည်းအဝေးများကျင်းပရန်အတွက် အသုံးပြုပြီး အဆောက်အအုံ တစ်ခုတည်းနှင့် ဘက်ပေါင်းစုံ အသုံးပြုနေရသည်မှာ လုံလောက်မှုမရှိကြောင်း၎င်းက သတင်းထောက်များအား ပြောကြားသည်။

နန်းတော်ဆောက်လုပ်ရေး အခမ်းအနားသို့ မလေးရှားဝန်ကြီးချုပ် ဘာဒါဝီနှင့်ဒုတိယဝန်ကြီးချုပ် တွန်ရာဇတ်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းနန်းတော်တွင် အစ္စလမ်မစ်နှင့် မလေးရှားဗိသုကာဒီဇိုင်းများဖြင့် မွမ်းမံဆင်ယင်မည်ဖြစ်သည်။ယင်းနန်းတော်သည် အကြီးဆုံးနန်းတော် မဟုတ်လင့်ကစား မလေးရှားကဲ့သို့သော နိုင်ငံအတွက် သင့်တော်မှုရှိသည်ဟု ဆမ်မီဘဲလူက ပြောကြားသည်။

မလေးရှားနိုင်ငံရှိ လက်ရှိနန်းတော်မှာ ၁၉၂၈ခုနှစ်မှစ၍ အသုံးပြုလာခဲ့သည့် နန်းတော်ဖြစ်သည်။

အင်တာနက်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အီရတ် စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြနေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားသို့ သမ္မတဘုရှ်မလာမီ စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဂျကာတာ နိုဝင်ဘာ ၁၈

အမေရိကန်သမ္မတဘုရှ် အင်ဒိုနီးရှားနိုင်ငံသို့ မလာရောက်မီ အင်ဒိုနီးရှားနိုင်ငံ ဒေသအချို့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများ၌ ဖော်ပြသည်။

အမေရိကန်သမ္မတဘုရှ်သည် ဂျကာတာတောင်ဘက် မိုင် ၃၀ အကွာရှိ ဘိုဂေါ်မြို့တွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယိုနိုနှင့် တနင်္လာနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။

ဆန္ဒပြ

"ကန်သမ္မတဘုရှ် အလိုမရှိ"၊ "ဘုရှ်အကြမ်းဖက်သမား"စသော ကြွေးကြော်သံများကို အော်ဟစ်ကာ ဒေသခံများက သမ္မတနှစ်ဦး တွေ့ဆုံမည့် ဘိုဂေါ်မြို့တွင် ဆန္ဒပြကြသည်။

ဤဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် ပညာရေးကိစ္စများကို ထိပ်ဆုံးမှထား၍ ဆွေးနွေးကြဖွယ်ရာရှိပြီး ကန်သမ္မတအနေဖြင့် အင်ဒိုနီးရှားနိုင်ငံကို အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ဆက်လက်ပါဝင်ရန် တိုက်တွန်းဖွယ်ရာရှိသည်ဟု မှန်းဆရသည်။ ဆန္ဒပြသူများ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

သီရိလင်္ကာအလယ်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား

ကိုလံဘို နိုဝင်ဘာ ၁၈

သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူလေးဦးရှိကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘို အရှေ့ဘက်ကီလိုမီတာ ၁၄၀ အကွာရှိ ပူဆယ်လီဗာမြို့တွင် မြေပြိုမှုဖြစ်ပွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်အားကစားပွဲတော်အကြို လုံ့ဆော်ရေးလေကြောင်းခရီးစဉ် ပျံသန်းမှု အထိမ်းအမှတ်အခမ်းအနားကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် နိုဝင်ဘာ ၁၇ရက်က ကျင်းပစဉ်။*(ဓာတ်ပုံ-အင်တာနက်)***

အမေရိကန်နိုင်ငံရှိ ကနေဒီအာကာသစခန်းတွင် ဆွီဒင်လူမျိုး အာကာသယာဉ်မှူး ခရစ္စဖူလက်ဆန် လေ့ကျင့်နေသည်ကို နိုဝင်ဘာ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်-အင်တာနက်)*

ဆော်ဒီအာရေဗျတွင် မလေးရှားကုမ္ပဏီ စီးပွားရေးမြို့တည်ဆောက်မည်

ကွာလာလမ်ပူ နိုဝင်ဘာ ၁၈

မလေးရှားနိုင်ငံမှ အမ်အမ်စီကော်ပိုရေးရှင်းသည် ဆော်ဒီအာရေဗျနိုင်ငံတွင် စီးပွားရေးမြို့သစ်တစ်မြို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ယင်းမြို့ကို ထူထောင်ရာတွင် ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ မလေးရှားကုမ္ပဏီသည် ဆော်ဒီအာရေဗျနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့်အတူ မြို့ပြတည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်မည်ဖြစ်သည်။

စီးပွားရေးမြို့ ထူထောင်နိုင်ရန် စီမံကိန်းချမှတ်ထားပြီး နှစ်ပေါင်းအတန်ကြာမျှ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထူထောင်

စီးပွားရေးမြို့ ထူထောင်ရေးစီမံကိန်းအရ ယင်းမြို့၏နယ်မြေ သုံးပုံနှစ်ပုံကျော်တွင် စက်မှုဇုန်တည်ရှိမည်ဖြစ်သည်။ ယင်းစက်မှုဇုန်တွင် ပင်လယ်ဆိပ်ကမ်းတစ်ခု၊ အလူမီနီယံကျိုချက်သည့်စက်ရုံတစ်ရုံ၊ သံမဏိကုန်ချောထုတ်လုပ်ရေးစက်ရုံတစ်ရုံ၊ ရေနံချက် စက်ရုံတစ်ရုံ၊ ကြေးနီကုန်ချောထုတ်လုပ်ရေးစက်ရုံတစ်ရုံတို့ကို တည်ဆောက်မည်ဖြစ်သည့်အပြင် ရေလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများကိုလည်း ထူထောင်သွားမည်ဖြစ်ကြောင်း မလေးရှားသတင်းဌာန ဘာနားမားက သတင်းထုတ်ပြန်သည်။

အင်တာနက်။

ကင်ညာတွင် ရေလွှမ်းမိုး ၁၂ ဦး သေဆုံး

မွန်ဘာဆာ(ကင်ညာ) နိုဝင်ဘာ ၁၈

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပွားသဖြင့် ၁၂ ဦး သေဆုံးပြီး လူ ၆၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၁၃ရက်တွင် ပြောကြားသည်။

ကမ်းရိုးတန်းဒေသတွင် နေထိုင်သူ ၁၀ ဦး သေဆုံးခဲ့ပြီး ကင်ညာနိုင်ငံ အရှေ့မြောက်ဘက်ဒေသတွင် နှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

လူ ၆၀၀၀၀ ခန့်သည် ကုန်းမြင့်ဒေသတွင် သောင်တင်နေကြပြီး အဓိကလမ်းမကြီးတွင် သွားလာရ ခက်ခဲသော အခြေအနေတွင်ရှိကြောင်း ကမ်းရိုးတန်း ပြည်နယ်ဆိုင်ရာ မဟာမင်းကြီး အာနက်မွန်ယီကရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့လယ် ကော်ဖီဆိုင်တွင် ပြန်ပေးဆွဲမှုဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

သေနတ်သမားများက အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒတ်မြို့လယ်ရှိ ကော်ဖီဆိုင်ငယ်တစ်ဆိုင်ကို ကြာသပတေးနေ့ နှောင်းပိုင်းအချိန်က ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး နောက် ကော်ဖီလာသောက်သူ ၁၅ဦး ခန့်ကို ပြန်ပေးဆွဲသွားကြောင်း ပြည်ထဲရေးသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မော်တော်ယာဉ်များ စီးနင်းလာသည့် ၎င်းသေနတ်သမားများက ဝက်တောဝင်မြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်ကို တိုက်ခိုက်ပြီး ည ၉နာရီ ၁၀မိနစ်ခန့်တွင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်သည့် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရဲဝတ်စုံများ ဝတ်ဆင်ထားသည့် စစ်သွေးကြွများသည် ဘဂ္ဂဒက်မြို့လယ်ရှိ ပညာရေးဝန်ကြီးဌာန အဆောက်အအုံကို စီးနင်းတိုက်ခိုက်ကာ ပြန်ပေးဆွဲခဲ့ပြီးနောက် သုံးရက်အကြာတွင် ယခုဖြစ်ရပ်ပေါ်ပေါက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကနေဒါတွင် မုန်တိုင်းတိုက်ခတ် အဆောက်အအုံတစ်လုံး ပြိုကျ

ဗင်ကူးဗား(ဗြိတိသျှကိုလံဘီယာ) နိုဝင်ဘာ ၁၈

ကနေဒါနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၁၅ ရက်က မုန်တိုင်းကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းကာ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် သစ်ပင်များ လဲကျခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းနှင့် တည်ဆောက်နေဆဲ အဆောက်အအုံတစ်လုံး ပြိုကျခြင်းတို့ ဖြစ်ပွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ဗင်ကူးဗားမြို့ရှိ ဆောက်လုပ်နေဆဲ လေးထပ်အဆောက်အအုံမှာ ပြိုကျသွားကြောင်း၊ အဆိုပါ အဆောက်အအုံ ပြိုကျချိန်တွင် ဆောက်လုပ်ရေးဝန်ထမ်းများ နားနေချိန် ဖြစ်သည့်အတွက် ထိခိုက်ဒဏ်ရာ ရရှိသူများမရှိကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ပြိုကျသည့် အဆောက်အအုံနှင့် ကပ်လျက် တည်ရှိနေသော ကားရပ်နားရန်နေရာရှိ မော်တော်ယာဉ်များပေါ်သို့ သတ္တုရက်မများ လွင့်စဉ်ကျလာသည်ကို တွေ့မြင်ရကြောင်း ရိုက်တာ ဓာတ်ပုံသတင်းထောက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာကမ်းမြောင်တွင် အစ္စရေးတပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက်

ဂါဇာ နိုဝင်ဘာ ၁၈

အစ္စရေးကြည်းတပ်မှ စစ်ရဟတ်ယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသတွင် သုံးရက်ဆက်တိုက်အဖြစ် သောကြာနေ့က တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အစ္စရေးကြည်းတပ်မှ အပါချီ တိုက်ခိုက်ရေး ရဟတ်ယာဉ်များသည် ဂါဇာမြို့ပေါ်တွင် ပျံသန်းနေပြီး မြို့တွင်းရှိ ပစ်မှတ်အသီးသီးကို ဒုံးကျည်များဖြင့် ပစ်ခတ်ကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံ+၃ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများ စင်ကာပူတွင် တွေ့ဆုံဆွေးနွေး

စင်ကာပူ နိုဝင်ဘာ ၁၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးများနှင့် အာဆီယံ ဆွေးနွေးဘက်သုံးနိုင်ငံတို့မှ ဝန်ကြီးများ၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကို စင်ကာပူတွင် နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးကိစ္စ၊ သစ်တောဥပဒေများကိစ္စနှင့် ဇီဝလောင်စာ အရင်းအမြစ်များ အသုံးချရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တစ်ရက်ကြာပြုလုပ်သော ယင်းအစည်းအဝေးအပြီး ကြေညာချက်ထုတ်ပြန်ရာတွင် ဒေသအတွက် အန္တရာယ်ပြုနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်တိုက်ဖျက်သွားနိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြ ခဲ့ကြသည်။

ထိုကိစ္စကို အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက်များဖလှယ်ရေးနှင့် ရောဂါတိုက်ဖျက်ရေးနယ်ပယ်တွင် အားကောင်းလာစေရန် တိုးမြှင့်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ဒေသတွင်းရှိ နိုင်ငံများ အချင်းချင်းသာ ပူးပေါင်းရုံသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (အိုအိုင်အီး)တို့နှင့်လည်း ဆက်သွယ်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားမဝင်သစ်ခိုးထုတ်မှုနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ တိုက်ဖျက်ရန် ဥပဒေကြောင်းအရ တင်းကျပ်ဆောင်ရွက်ခြင်း၊ ဒေသတွင်းစီးပွားရေးအထောက်အကူဖြစ်စေရန် ဇီဝလောင်စာကို တိုးမြှင့်သုံးစွဲရန်နှင့် နည်းပညာတိုးတက်ရေး လုပ်ဆောင်သွားရန်ပါ ဆွေးနွေးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးဌာန ဝန်ထမ်းတစ်ဦး တောဘဲများအား ဘေးအန္တရာယ် ကင်းလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ကြက်ငှက်တုပ်ကွေးရောဂါ သွေးနမူနာများ အလွဲသုံးမှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဝန်ချတောင်းပန်

ပေကျင်း နိုဝင်ဘာ ၁၈

တရုတ်နိုင်ငံက ထောက်ပံ့ပေးသော ကြက်ငှက်တုပ်ကွေး ရောဂါပိုးဆိုင်ရာ သွေးနမူနာများကို အလွဲသုံးသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူ အိပ်ချ်အို)က ဝန်ချတောင်းပန်ကြောင်း နိုဝင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ထောက်ပံ့

တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်ဇွန်လက ကြက်ငှက်တုပ်ကွေးရောဂါပိုးဆိုင်ရာ သွေးနမူနာများကို ကျန်းမာရေးအဖွဲ့ထံ ထောက်ပံ့ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ အကြီးအကျယ် ဖြစ်ပွားခဲ့ပြီးနောက် ဒဗလျူအိပ်ချ်အို၏ မေတ္တာရပ်ခံချက်အရ ယင်းသို့ ထောက်ပံ့ပေးခြင်း ဖြစ်သည်။

သို့ရာတွင် ယင်းသွေးနမူနာများကို ပြည်ပ သုတေသနအဖွဲ့အစည်းများက တရုတ်နိုင်ငံ၏ ခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ ၎င်းတို့၏ သုတေသနလုပ်ငန်းများတွင် အသုံးပြုခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံရှိ ဒဗလျူအိပ်ချ်အို ရုံးခွဲအကြီးအကဲ ဘက်ကီဒမ်က မိမိအား နှစ်ကြိမ်တိုင်တိုင် တောင်းပန်စကားဆိုခဲ့ကြောင်း တရုတ်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် ကုသရေးဗျူရို ညွှန်ကြားရေးမှူး ကျီယာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပါဝင်

တရုတ်နိုင်ငံက ဒဗလျူအိပ်ချ်အိုထံ ထောက်ပံ့ပေးခဲ့သော သွေးနမူနာများကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးခဲ့သူများတွင် အမေရိကန်ရှိ သုတေသနပညာရှင်များလည်း ပါဝင်သည်။

အမေရိကန် သုတေသီများသည် ၎င်းတို့၏ သုတေသနစာတမ်းတွင် ကျေးဇူးတင်လွှာ ရေးသားဖော်ပြရာ၌ တရုတ်နိုင်ငံကို ထည့်သွင်းဖော်ပြထားမှု မရှိခြင်းမှာ အသိပညာပိုင်းဆိုင်ရာ မူပိုင်ခွင့်ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ကျီယာက ပြောကြားသည်။

အင်တာနက်။



အားကစားပြိုင်ပွဲများတွင် ကစားကွက်များအား ချက်ချင်းပြန်လည်ပြသနိုင်သည့် ဗီဒီယိုပြစက်များကို ဆစ်စကိုးကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၆ ရက်တွင် ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်း ပဋိပက္ခဖြေရှင်းရေး ပူးတွဲ အဆိုပြု

ဂျီရိုနာ (စပိန်) နိုဝင်ဘာ ၁၈

အရှေ့အလယ်ပိုင်း ပဋိပက္ခဖြေရှင်းနိုင်ရေးအတွက် ပူးတွဲအဆိုပြုချက်တစ်ရပ်ကို ဖော်ဆောင်ရန် ပြင်သစ်၊ စပိန်နှင့်အီတလီနိုင်ငံတို့မှ ခေါင်းဆောင်များက သဘောတူညီလိုက်ကြကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံ နယ်စပ်အနီးရှိ ဂျီရိုနာမြို့တွင် ကျင်းပသည့် ပြင်သစ်-စပိန်နှစ်နိုင်ငံ အစည်းအဝေးတွင် စပိန်ဝန်ကြီးချုပ် ဇာပါတာရိုက အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် အဆိုပြုချက်ကို တင်ပြခဲ့သည်ဟု ဂျက်ရှီရက်က ပြင်သစ်-စပိန်ဆက်ဆံရေးဆိုင်ရာ အစည်းအဝေးအပြီးတွင် ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

ဂျိမ်းစ်ဘွန်း ဇာတ်ကားသစ် ဝင်ငွေစံချိန်တင်

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၈

ဗြိတိန်နိုင်ငံတွင် ကြာသပတေးနေ့က ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် ပထမဆုံးအကြိမ် ရုံတင်ပြသခဲ့စဉ်အတွင်း လက်မှတ်အရောင်းစံချိန်တင်ခဲ့ပြီး အခြားစုံထောက်ဇာတ်ကားများ ရရှိသည့်ဝင်ငွေထက် ပိုမိုရရှိခဲ့ကြောင်း ကိုလံဘီယာရုပ်ရှင်ဖြန့်ချိသူက ပြောကြားသည်။

ဒင်နီယယ်ကရိတ်၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သည့် ကာဆီနိုရွိုင်ရေး အမည်ရှိ ဂျိမ်းစ်ဘွန်းဇာတ်ကားကို ရုံတင်ပြသရာ၌ လက်မှတ်အရောင်းဝင်ငွေ ပေါင် ၁၃သမ ၇သန်း(အမေရိကန်ဒေါ်လာ ၃၁သမ ၂သန်း)အထိ ရရှိခဲ့ပြီး ယခင်ဂျိမ်းစ်ဘွန်းဇာတ်ကားထက် ၅၄ ရာနှုန်း ဝင်ငွေပိုမိုရရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အူရန်ဂူတန်လူဝံများ အန္တရာယ်ကြုံတွေ့နိုင်

ဂျကာတာ နိုဝင်ဘာ ၁၈

ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူများ ပေါ်ထွက်မှုအန္တရာယ်ဖြင့် ကြုံတွေ့နေရသည့် အင်ဒိုနီးရှားနိုင်ငံမှ အူရန်ဂူတန် လူဝံကောင်ရေသည် ယင်းဒေသတွင် အယ်လ်နီညိုခြောက်သွေ့သည့် ရာသီဥတုကြုံတွေ့ဖွယ်ရှိသဖြင့် ၂၀၀၇ ခုနှစ်တွင် ပိုမိုဆိုးရွားသည့် အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်ကြောင်း ဂေဟဗေဒပညာရှင်တစ်ဦးက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ယခုနှစ် ခြောက်သွေ့သည့်ရာသီအတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် မီးခိုးမြူများ ကျရောက်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အူရန်ဂူတန်လူဝံ ၁၀၀၀ ခန့် သေဆုံးခဲ့သည်။

အင်ဒိုနီးရှားတွင် လောင်ကျွမ်းနေသည့် တောမီးကို မတားဆီးနိုင်ခဲ့ပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် မြူနှင်းထူထပ်စွာ ကျရောက် သည့်ရာသီမျိုးဖြင့်ရင်ဆိုင် ကြုံတွေ့နိုင်မည်ဟု ဘော်နီယိုအူရန်ဂူတန် ကယ်တင်ရေးဖောင်ဒေးရှင်း တည်ထောင်သူဝီလီမစ်က ပြောကြားသည်။

အယ်လ်နီညိုရာသီဥတုအပေါ် သုံးသပ်ကြည့်ပါက ယင်းအခြေအနေသည် အိန္ဒိယသမုဒ္ဒရာတွင် အေးမြပြီး ပစိဖိတ်သမုဒ္ဒရာတွင် ပူနွေးလာခဲ့သည်။ ယင်းဖြစ်ရပ်များသည် ၁၉၈၂-၈၃ နှင့် ၁၉၉၇-၉၈ နှစ်များတွင် ပေါ်ပေါက်ခဲ့သည်။ ယင်းနှစ်များတွင် အယ်လ်နီညိုရာသီဥတုအဆိုးရွားဆုံး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ပြုလုပ်သော ဖက်ရှင်ပြပွဲတွင် မော်ဒယ်တစ်ဦးသရုပ်ပြနေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်လေဆိပ်များတွင် လုံခြုံရေးသတိပေး

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၈

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ လေဆိပ်နှစ်ခုကို အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်း၊အကြမ်းဖက်တိုက်ခိုက်ရန် ခြိမ်းခြောက်သည့် သတင်းများရရှိပြီးနောက်တွင် နိုင်ငံတွင်းရှိ အခြားလေဆိပ် ၃၄ ခု၌လည်း လုံခြုံရေးသတိရှိရန် နှိုးဆော်ထားကြောင်း ဒေသဆိုင်ရာသတင်းစာက နိုဝင်ဘာ ၁၇ ရက်တွင် ဖော်ပြထားသည်။

ဘလူချီစတန်ပြည်နယ် ကွက်တာမြို့ရှိ လေဆိပ်နှင့် ဂဝါဒါမြို့ရှိ လေဆိပ်တို့ကို အကြမ်းဖက် တိုက်ခိုက်ရန် အလားအလာများရှိသဖြင့် အနီရောင်သတိပေးအဆင့် ထုတ်ပြန်ထားကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဂဝါဒါမြို့ရှိကြည်းတပ်လေ့ကျင့်ရေးစခန်းတွင် ပြီးခဲ့သောရက်သတ္တပတ်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ၂၄ ဦး သေသုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စက်မှုလုပ်ငန်းအလိုက်၊ စက်ရုံအလိုက် လျာထားချက်များအောင်မြင်ရန် မဖြစ်မနေကြိုးပမ်း
အများနှစ်ခြိုက်သောကုန်ပစ္စည်းများကိုလည်း အမယ်လိုက်လျာထားချက်ကျော်လွန်အောင် ထုတ်လုပ်

နေပြည်တော်　　နိုဝင်ဘာ　　၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၀၆)(နေပြည်တော်)သင်တန်းဖွင့်ပွဲကို ယမန်နေ့တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသော အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ချက်နှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသော ဝန်ကြီးဌာန တစ်ခုဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဖြန့်ဖြူးမှု လုပ်ငန်းများကိုပါ ဆောင်ရွက်နေရကြောင်း။

သို့ဖြစ်၍ စက်မှုလုပ်ငန်းအလိုက်၊ စက်ရုံအလိုက် သတ်မှတ်လျာထားချက်များအောင်မြင်ရန် မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ အများနှစ်ခြိုက်သော ကုန်ပစ္စည်းများကိုလည်း အမယ်လိုက် လျာထားချက်ထက် ကျော်လွန်အောင် ကြိုးပမ်းထုတ်လုပ် သွားကြရန်လိုကြောင်း။

ပြည်ပပို့ကုန်များအား လျာထားချက်အတိုင်းတင်ပို့သွားနိုင်ရေးအပြင် ပြည်ပပို့ကုန် ဈေးကွက်များ တိုးမြှင့်ရှာဖွေ၍ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်သမျှ ကုန်ချောများ၏ အရည်အသွေးများ ကောင်းမွန်ရန် စနစ်တကျသုတေသနပြု စစ်ဆေးကြပ်မတ် သွားကြရန်နှင့် အဝယ်လိုက်ပစ္စည်းများကို လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ရန် အစီအမံထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ထို့ပြင်စက်ရုံများတွင် လိုအပ်သော ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများ ပြတ်လပ်မှုမရှိရန် စီမံဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့ စက်ရုံများ၏ အားသာချက် အားနည်းချက်များကို အခါမလပ် စိစစ်သုံးသပ်ပြီး အားနည်းချက်များကို ချက်ချင်းပြုပြင်ဖြည့်ဆည်းသွားကြရန်နှင့် အားသာချက်များကိုပို၍ ကောင်းမွန်ရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ အားနည်းချက်၊ အားသာချက်များကိုလည်း ယထာဘူတကျစွာ သုံးသပ်၍ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြသွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် အသေးစိတ်မှာကြားသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်ကို မြန်မာ့စက်မှုလုပ်ငန်းများမှ သုံးသပ်တင်ပြကြရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းတို့မှ စက်ရုံမှူးအသီးသီးက မိမိတို့စက်ရုံများ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ စက်ရုံမှူးများက လည်းကောင်း၊ မြန်မာ့ ကြွေထည် မြေထည်လုပ်ငန်းမှ စက်ရုံမှူးများက လည်းကောင်း မိမိတို့စက်ရုံများ၏ ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက စက်ရုံမှူးများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်သိမ်းသည်။

ညှိနှိုင်းအစည်းအဝေးကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၇နာရီတွင် ဆက်လက်ကျင်းပရာ စက်ရုံမှူးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များကိုအသေးစိတ်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

အမှာစကား

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း လုပ်ငန်းဆောင်ရွက်နေမှု သုံးသပ်ချက်နှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(စက်မှု-၁)

ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ်၁၀သိန်း လှူဒါန်း

ပြည်　နိုဝင်ဘာ　၁၀

ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားကြီး၏ (၁၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် နိုဝင်ဘာ ၂ရက်မှ ၅ရက်အထိ ကျင်းပခဲ့ရာ ပဋ္ဌာန်းပိတ်ပွဲအခမ်းအနား၌ ဘဒ္ဒန္တဝိလာသာစာရ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒါစရိယ စကားတောင်ကျောင်းတိုက် ဆရာတော်က ငါးပါးသီလချီးမြှင့်သည်။

ပဋ္ဌာန်းဖွင့်ပွဲနှင့်ပိတ်ပွဲ အရဏ်ဆွမ်းအလှူရှင် ဦးစိုးနိုင်-ဒေါ်အေးအေးခိုင် မိသားစု (အေးအေးခိုင် ကျောက်စိမ်းကုမ္ပဏီ မန္တလေးမြို့)က ရန်အောင်မင်္ဂလာကင်းဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေ ကျပ် ၁၀သိန်းနှင့် ဆရာတော်၊ သံဃာတော် ၄၅ပါးတို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုလာသဘမဟာသဒ္ဓမ္မဇောတိကဓဇ ရှင်တစ်ထောင်ဆရာတော်က အနုမောဒနာတရားတော်နှင့် ရေစက်ချတရားတော်များချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းကြောင်း သိရသည်။　(၃၉၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချ

ရန်ကုန်　နိုဝင်ဘာ　၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်သူလူထုထံသို့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ရိုက်ရောင်းချနိုင်ရေး ရည်ရွယ်ကာ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ပခုက္ကူမြို့ မြို့မအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၂၃ရက်အထိ လည်းကောင်း၊ မုံရွာမြို့ တိုင်းအားကစားကွင်း၌ နိုဝင်ဘာ ၁၂ ရက်မှ ၂၆ ရက်အထိလည်းကောင်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ စက်မှု(၁)ဗဟန်းအိမ်ရာဝင်း၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိလည်းကောင်း နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး မြရောဈေးသင်္ဘောကြီးအား ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲရုံးသို့ သွားရောက်ပြီး ဗိုလ်တထောင် အမှတ်(၆)တံတား၌ ဆိုက်ကပ်ထားသော မန္တလေးမြို့သို့ထွက်ခွာမည့် ရန်ကုန်-မန္တလေး "မြရော"ဈေးသင်္ဘောကြီးပေါ်သို့ တက်ရောက်ပြီး ကုန်ပစ္စည်းများ တင်ဆောင်ထားရှိမှု၊ ဈေးဆိုင်ခန်းများ ခင်းကျင်းထားရှိမှု၊ ဈေးသင်္ဘော ဈေးသည်များ ဈေးရောင်းချနေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။　**(အပေါ်ပုံ)**

ဦးဆောင်ညွှန်ကြားရေးမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့ရွာများက မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်၍ ခရီးစဉ်တစ်လျှောက်ရှိ မြို့ရွာဒေသများ ဆိုက်ကပ်ရပ်နားပြီး ဈေးရောင်းချသွားနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ"မြရော"ဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲတို့တွင် ဆန်၊ ဆား၊ မီးဖို၊ ပရိဘောဂ၊ အထွေထွေ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၉၁၆ တန် တင်ဆောင်ပြီး နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ရန်ကုန် ပညာရေးတက္ကသိုလ် မြှတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်ပညာရေးတက္ကသိုလ်ဒွါဒသမအကြိမ် မြှတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ ရက်(စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မြှတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ထူးထူးအောင် ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၀၄၇၇၂၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု လက်ထောက်ညွှန်ကြားရေးမှူး (သင်ရိုး) (DEPT) ဖုန်း-၅၅၇၆၇၅၊ ဦးအောင်သွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ ဦးအေးကြိုင် ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း-၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၅၅၄၉၆၄(အိမ်)၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂) တာမွေ ဖုန်း-၅၄၂၁၇၊ ဦးရှိန်းလိန်းအောင် ကျောင်းအုပ်ကြီး အထက(၁)မရမ်းကုန်း ဖုန်း-၆၆၀၅၃၄ နှင့် ဒေါ်ခင်သန်းထွေး အထပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။　(ပညာရေး)

နိုဝင်ဘာ ၁၄ ရက်က (၈၆) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို အင်းစိန်မြို့နယ် အထက(၁)၌ ကျင်းပရာ ကျောင်းသူ ကျောင်းသားများ ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်စဉ်။　(ပညာရေး)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူရှင် ဦးထွန်းကြိုင် - ဒေါ်သွယ် (မိသားစု) (ပူးမင်း ရှောက်သီးဆေးပြား) က တန်ဖိုးငွေကျပ် ၁၀ သိန်းဖိုးရှိ ရတနာပစ္စည်းများ လှူဒါန်းရာ ဓမ္မဇောတိရိပ်သာမှ ဥက္ကဋ္ဌ ဦးဥက္ကါ လက်ခံရယူစဉ်။　(က-ပ)

တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သက်ကယ်အိုင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ယမန်နေ့တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကုန်းရွာ သက်ကယ်အိုင် ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သက်ကယ်အိုင် ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သက်ကယ်အိုင်ရေလှောင်တမံသည် စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကုန်းရွာ သက်ကယ်အိုင် ချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ၁၀၀၀ရှိသော မြေထိန်းတမံ အမျိုးအစားဖြစ်ပြီး အကျိုးပြုဧက ၁၀၀ ကို ရေပေးဝေနိုင်မည် ဖြစ်ကြောင်းနှင့် အဆိုပါ တမံတည်ဆောက်ပေးခြင်းကြောင့် စစ်ကိုင်း-မုံရွာကားလမ်း အုန်းတော-နတ်ခရိုင်လမ်းပိုင်း ရေကျော်မှုကိုလည်း လျော့နည်းစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ သက်ကယ်အိုင် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးဖိုးထွေး၊ ဦးကျင်မောင်အား ရည်စူး၍ ပဲခူးတိုင်းရွှေတောင်မြို့နေ ဒေါ်တင်ရွှေ၊ ဦးအောင်ကြည်(သုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ)ဒေါ်ရင်ကြွေနှင့် သား၊ သမီး၊ မြေး၊ မြစ် မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကမ္ဘောဇအရှင်လက္ခဏာတရားပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် မိုးမိတ်ကျောင်းတိုက်နေကမ္ဘောဇအရှင်လက္ခဏ(ဓမ္မာစရိယ) B.S.T (Dip) B.Aသည် နိုဝင်ဘာ ၂၂ရက်မှ ၂၉ရက်အထိ အဖွဲ့ခွဲ(၄၄၀) ပန်းတောင်းကျေးရွာ စကုမြို့နယ်တွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်းတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မော်လမြိုင်စက်မှုလက်မှု အထက အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၉

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမကြီးများအားကျောင်းသားဟောင်းများက ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံပွဲကို ဒီဇင်ဘာ၉ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲသို့ တက်ရောက်လိုသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးဉာဏ်ထွန်း ဖုန်း ၀၁-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း ၀၁-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း-၀၁-၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း-၀၁-၆၈၃၄၁၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၉၉၇၃၀၇၇၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁၁၀၇၅၈နှင့် ဦးစိုးမြင့် ဖုန်း ၀၁-၆၈၀၅၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

ကျောင်းဆင်း ဒုတိယရဲအုပ်များနှင့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်နှင့် ဦးစီးအရာရှိများလိုက်ပါလျက် နိုဝင်ဘာ ၁၆ရက် ညပိုင်းတွင် ပြင်ဦးလွင်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၇)သင်တန်းဆင်းပွဲသို့တက်ရောက်မိန့်ခွန်းပြောကြားပြီး ဆုရသင်တန်းသားများအား ဆုများချီးမြှင့် ပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် လေ့ကျင့်ရေးသင်တန်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းသားများနှင့် ကျောင်းဆင်း ဒုတိယရဲအုပ်များ၊ လေ့ကျင့်ရေးကျောင်းမှ အရာရှိများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဝန်ကြီးကတွေ့ဆုံရာတွင်နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့်မူဝါဒ၊ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ နိုင်ငံတော်မှ ဆောင်ရွက်နေသော လုပ်ငန်းများ၊ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရသူများ ဖြစ်သည့်အတွက် အရာရာကို လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ လုပ်ကိုင်ကြရန်၊ အရာရာကို စံနမူနာဖြစ်အောင် တက်ကြွသောစိတ်၊ မြင့်မြတ်သောစိတ်များဖြင့် လုပ်ရန်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ထား၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်၊ တပ်မတော်နှင့် အစဉ်သဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲ ဆောင်ရွက်ကြရန်၊ အဂတိတရားကင်းကင်းဖြင့်လုပ်ကြရန်၊မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိသဖြင့် သန့်စင်သော အုပ်ချုပ်မှုဖြစ်ရေးအတွက် ခေတ်ရေစီးကြောင်း ပြောင်းနေသည့် ယခုကဲ့သို့ကာလ၌ ဝန်ထမ်း သန့်ရှင်းရေးကိုနိုင်ငံတော်က ဖိဖိစီးစီးဆောင်ရွက်နေချိန်တွင် မိမိတို့ကိုယ်တိုင် အမည်းစက်ဖြင့် ပါမသွားအောင်စိတ်ဓာတ်၊ စည်းကမ်း၊ လုပ်ရည်ကိုင်ရည်မှအစ အစစအရာရာ ထိန်းသိမ်းကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောင်းရုံးခန်းမ၌ ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင့်၏ ဦး/ရေး/ထောက် ဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ညွှန်ကြားသည်။ ထို့နောက်ဝန်ကြီးသည် ကျောင်းဝင်းအတွင်းစိုက်ပျိုးရေး၊မွေးမြူရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၀၆ (တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် အပိုင်း(၂)
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ကျန်းမာရေးကဏ္ဍ (နဝင်းဆရာကြီး ဦးငွေစိုး)
၇:၄၀ တေးဂီတအစီအစဉ်
၇:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရွှေမိုးသည်းရုပ်ရှင်)
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ ပြည်တွင်းသတင်းအကျဉ်း
၈:၃၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၁၅ မိုးလေဝသခန့်မှန်းချက်
၉:၂၀ မှုးယစ်ဟူကတိုက်ဖျက်ကြ (စိုင်းစိုင်းခမ်းလှိုင်၊ ချစ်သုဝေ၊ ကင်းကောင်)
၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ Celebrity Style (ဂန္ထဝင်နှင့်တွေ့ဆုံခြင်း)
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်) ဆွေးနွေးခန်း
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ လမ်းပြကြယ်များ
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ သန့်ရှင်းလတ်ဆတ်စံချိန်မီ မြန်မာ့ချက်နို့ဆီ
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ Basic Computer Learning for Beginner Vol-2
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မော်လမြိုင်မြို့ အကျဉ်းထောင်ရှိ အကျဉ်းသူများအား စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။ (အကျဉ်းဦးစီး)

မော်လမြိုင်မြို့ အကျဉ်းထောင်မှ အကျဉ်းသူများအား စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့

ရန်ကုန် နိုဝင်ဘာ ၁၉

မော်လမြိုင်မြို့ အကျဉ်းထောင်ရှိ အကျဉ်းသူများလွတ်မြောက်သည့်အခါ အသက်မွေးဝမ်းကျောင်းနိုင်ရေးအတွက် လက်မှုပညာရပ်များ သင်ကြားပေးလျက်ရှိရာ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၇ရက်မှ ဧပြီ ၃၁ ရက်အထိ စက်ချုပ်သင်တန်း အမှတ်စဉ်(၁)အား သင်တန်းသူ ၁၂ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဇူလိုင် ၁ရက်မှ အောက်တိုဘာ ၃၁ ရက်အထိစက်ချုပ်သင်တန်းအမှတ်စဉ်(၂)ကို သင်တန်းသူ ၁၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဝတီတိုင်း မိုးစပါးဧက ၃၇ သိန်း၊ နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေး ကြိုးပမ်းစိုက်ပျိုး

✱ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်မှ ရေဝတီတိုင်းအပါအဝင် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရေဝတီတိုင်းတွင် ပုသိမ်၊ မအူပင်၊ ဟင်္သာတမြို့တို့ကို အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ပြီး ဆေးရုံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း တံတားကြီး ၄၂ စင်းကို တည်ဆောက်ပေးခဲ့ကြောင်း၊ မကြာမီကာလတွင် ဖျာပုံတံတားသစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ အမာဒေသတို့သည် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ရေဝတီတိုင်းသည် ယခင်က ရေလမ်းခရီးသာ အသုံးပြုနိုင်ရာမှ ယခုအခါ ငပုတောမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှလွဲ၍ ရေဝတီတိုင်းတစ်ခုလုံး ကားလမ်းများကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်က ရေဝတီတိုင်းအတွင်း လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေသလို ဘိုကလေးမြို့နယ် အပါအဝင် တိုင်းအတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသနေပြည်သူများကလည်း အချို့သော မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

ထို့အပြင် ရေဝတီတိုင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးဧက ၃၇သိန်း၊ နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် ဘိုကလေးမြို့နယ်အနေဖြင့် သတ်မှတ်ပေးထားချက်နှင့်အညီ ကြိုးပမ်းစိုက်ပျိုးသွားကြစေလိုကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ရေချိုငါးမွေးမြူရေး သာမက ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ ဌာနဆိုင်ရာအဆင့်ဆင့် ပါဝင်သော ကော်မတီဝင်များကလည်း ကျေးလက်ဒေသအရောက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ဆိပ်ကမ်းမှ ရေယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ Language Lab Computer Aided Instruction, Science Lab ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောင်းဆည့်ခန်းမ၌ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များအားတွေ့ဆုံ၍ မေးမြန်းပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောင်းပရိဘောဂများ ဖြည့်တင်းရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ ကုန်စုံဆိုင်များ၏ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိကြပြီး တပ်ဖွဲ့ဝင်များအား တွေ့ဆုံကာ မှုခင်းကျဆင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျေးရွာမီးလင်းရေးအတွက် စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောရှိ ကြောင်ထောက်စခန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား စခန်းရှင်းလင်းဆောင်၌ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ဘေးမဲ့တော၏ တည်နေရာနှင့် အကျယ်အဝန်း၊ သစ်တောအမျိုးအစား၊ ပေါက်ရောက်သော သစ်ပင်မျိုးများ၊ တောရိုင်းတိရစ္ဆာန်နှင့် ငှက်မျိုးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က ကြောင်ထောက်စခန်း၌ မိကျောင်းမွေးမြူရေး လုပ်ငန်းများအခြေအနေနှင့် သဘာဝခရီးသွားလုပ်ငန်း လေ့လာလိုသူများနှင့် အပန်းဖြေလာရောက်လိုကြသူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိန်းမလှကျွန်း ဘေးမဲ့တော ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားပြီး စခန်းအတွင်းရှိ မိကျောင်းမွေးမြူ ထားရှိမှုနှင့် မိကျောင်းများအား သိပ္ပံနည်းကျ အမှတ်အသား (Marking) ပြုလုပ်ထားရှိမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိန်းမလှကျွန်းဘေးမဲ့တော ပညာပေးပြခန်းအတွင်း မြန်မာ့လိပ်မျိုးများ၊ ဒီရေတောမြွေမျိုးစိတ်များ၊ ရေဝတီလင်းပိုင်များ ကျက်စားမှုနှင့် ရေချို ရေငန် မိကျောင်းခေါင်းတို ရုပ်ကြွင်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိန်းမလှကျွန်း ဘေးမဲ့တောသည် ဖျာပုံခရိုင် ဘိုကလေးမြို့၏ တောင်ဘက် ရေမိုင် ၁၂မိုင် အကွာတွင် တည်ရှိပြီး ဧရိယာ ၃၃၇၇၉ ဧက ကျယ်ဝန်း၍ ဘေးမဲ့တောသဘာဝဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၅ နာရီခွဲတွင် ဖျာပုံမြို့နယ် အမာမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမာမြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ နေခြည်ထွန်းတောက် ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာ ဦးသူရညွန့်က ဆေးရုံ၏ အကွက်ချပုံစံကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမာမြို့ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ အမာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းက အမာမြို့၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ ဒေသဝမ်းစာဖူလုံမှု၊ မိုးစပါးစိုက်ပျိုးမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးပြီး အမာမြို့ပတ်ဝန်းကျင်သည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသောဒေသဖြစ်၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများဖွံ့ဖြိုးပြီး စီးပွားရေးကောင်းမွန်သည့်အတွက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားပြီး နိုင်ငံတော်ကချမှတ်ထားသော စီမံကိန်းနှင့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရေး၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အချင်းချင်းလက်တွဲပူးပေါင်း၍ အောက်ခြေအထိဆင်းပြီး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြရေး မှာကြားကာ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် အမာမြို့ ဆိပ်ကမ်းမှ ထွက်ခွာ၍ ကဒုံကနိကျေးရွာ၏ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ ငါးပိ၊ ငါးခြောက်လုပ်ငန်းများ ဆောင်ရွက်မှုကို ရေယာဉ်ပေါ်မှ ကြည့်ရှုကြပြီး နံနက် ၈ နာရီခွဲတွင် ဖျာပုံမြို့နယ် ရေကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရွာလယ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ၏ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ရေကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပညာရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျေးရွာဆိပ်ကမ်းမှ ရေယာဉ်ငယ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီတွင် လပွတ္တာမြို့နယ် အမတ်ကြီးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ၏ ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ရွာလယ်လမ်းမကြီးတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမတ်ကြီးကျေးရွာ ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ပိုလောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများ လက်ခံ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများလက်ခံသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အလှူရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အမှာစကားပြောကြားပြီး ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင် စိုက်ထူခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် ၃၀၀၀၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်က ငွေကျပ် ၁၀၀၀၀၀၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်

အေးအေးဝင်းက ငွေကျပ် ၁၂၀၀၀၀၀၊ ဌေး မြန်မာဗီဒီယို ထုတ်လုပ်ရေးမှ ဦးဌေးဝင်းက ငွေကျပ် ၁၀၀၀၀၀၀၊ လပ်ကီးပလေ့ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးတင်အောင်က ငွေကျပ် ၇၀၀၀၀၀၊ စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်မြင့်မြင့်ခိုင်က ငွေကျပ် ၅၀၀၀၀၀၊ ဧရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးလူမင်းက ငွေကျပ် ၅၀၀၀၀၀ နှင့် မျိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်မျိုး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သန္တာထွန်းက ငွေကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သံလွင်ဗီဒီယို ထုတ်လုပ်ရေးမှ ဦးသန့်ဇင်ထွန်း၊ ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းဟံ၊ အောင်တိုင်းကျော်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းထိုက်အောင်၊ ပြည့်ဖြိုးမြတ်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဘုန်းမော်၊

➪ ကာကွယ်ရေးမှ

နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဘိုးဘွားရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘိုးဘွားရိပ်သာ အလှူငွေပေးအပ်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ မြေနေရာလွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဘိုးဘွားရိပ်သာအလှူရှင်များကိုယ်စား ဦးဝင်းလှိုင်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမြေနေရာ အလှူရှင် ဦးဝင်းကျော်တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က လက်ခံကြသည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးငွေသောင်းက ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းသို့ လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမြေနေရာနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် ဦးဝင်းကျော် ဇနီး ဒေါ်ခင်မြ၊ သမီး မခင်စမ်းသီတို့က ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်သို့ လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုပြီး အဘိုးအဘွားများကို လက်ဆောင်ပစ္စည်းပေးအပ်ကာ အားပေးစကားပြောကြားကြသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကိုထန်းတောရပ်ရှိ ရေပေးဝေရေးရေစင်ရှေ့၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် မြို့မိမြို့ဖ ဦးမြမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ရေပေးဝေရေးကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိန်တင်ဝင်းက မြို့ရေပေးဝေရေးရေစင်ရှိ ရေပိုက်ကိုဖွင့်လှစ်ပေးပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးဖွင့်ပွဲနှင့်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဓာတ်မာန်ခန်းမ၌ကျင်းပရာ ရှေးဦးစွာရေပေးဝေရေးလုပ်ငန်း ဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်ထွန်းက ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရေပေးဝေရေးစီမံကိန်းအတွက် စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ် ၆၄သိန်း၊ China Focus Development Limtedက ငွေကျပ်သိန်း ၇၅၀နှင့်မြို့နေပြည်သူများစုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၂၅၀တို့ကိုပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က လက်ခံကြသည်။

ယင်းနောက် မြို့နေပြည်သူလူထုကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချိုထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ် သာယာလှပရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေရေး၊ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းချမှတ်၍လည်းကောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားစေရေးအတွက် ကျေးလက်ဒေသလုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍လည်းကောင်း၊ နိုင်ငံတစ်ဝန်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး ၂၄ခု သတ်မှတ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

အလားတူ ကွမ်းခြံကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူတို့ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာရေရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး မိမိ သက်ဆိုင်ရာကဏ္ဍမှ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် ဘိုးဘွားရိပ်သာအဆောက်အအုံနှင့် ရေပေးဝေရေးစီမံကိန်း အဆောက်အအုံပစ္စည်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ရေပေးဝေရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်သို့ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ ကွမ်းခြံကုန်းမြို့ ဒေးဒနော စံပြကျေးရွာ ဘိုးဘွားရိပ်သာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အထက(၁) လမ်းမတော် (စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

၁၉၆၈–၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများကြီးမှူး၍ အထက(၁) လမ်းမတော်(စိန့်ဂျွန်း)၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စွမ်းအားခန်းမ (ကျောင်းခန်းမကြီး) တွင် ကျင်းပမည်ဖြစ်သည်။ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံနိုင်ရေးအတွက် မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကိုလည်း နီးစပ်ရာကျောင်းသားဟောင်း အမှုဆောင်များထံ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရခိုင်အမျိုးသမီးအဖွဲ့ (ရန်ကုန်) (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ရခိုင်အမျိုးသမီးအဖွဲ့(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်းရှိ ဓညဝတီသာသနာပြုကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

စိန်သရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်ဝဏ္ဏ၊ ဘဲလ်မြန်မာဗီဒီယိုထုတ်လုပ်ရေးမှ ဒေါ်နီနီအောင်၊ မင်းဗီဒီယိုထုတ်လုပ်ရေးမှ ဦးမင်းမင်း၊ မျက်ခြယ် ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းနိုင်၊ ရွှေတောင်ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးတင့်ဆွေ၊ ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးစိုးသန်း၊ ရွှေသံလွင်ဖြိုး ဗီဒီယိုထုတ်လုပ်ရေးမှ ဦးလှဇင်၊ ရွှေစင်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ဦးကျော်လင်းထွန်း၊ ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်အောင်၊ ကြောင်ကမ္ဘာ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးခင်ဆိုင်၊ ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးမြအေး၊ ဖိုးဝဗီဒီယိုထုတ်လုပ်ရေးမှ ဦးဖိုးဝ၊ စိန်ဌေးဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကြည်၊ စနိုးဂိုက် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး၊ မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးဇော်မင်း၊ ဖြိုးနှင့်မင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဓာတ်ပုံအဏ်ထော်ဏီနှင့် မဏိရွှေစင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးစိုးသိမ်းတို့က အလှူငွေကျပ် ၅၀၀၀၀၀စီကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်စိုး(ခ) ဦးစူဝမ်းနှင့် အတွင်းရေးမှူး ဦးတင်အောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင် ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ညစဉ် ၇ နာရီမှ စတင်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များက ပါဝင်ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❐ အမျိုးသားညီလာခံမှ

ထုတ်လုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမှု၊ အပြည်ပြည်ဆိုင်ရာ အရည်အသွေးသတ်မှတ်ရေးအဖွဲ့(ISO)၏စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နေမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ထုတ်လုပ်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ချီးမြှင့်သော GMP Certificate ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် လက်ခံရရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းကြရာ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ အရည်အသွေးထိန်းသိမ်းရေး နည်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံမှ ထုတ်လုပ်သော ဆေးဝါးများကို ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်မှုဇုန်အတွင်းရှိ ခိုင်ပရိဘောဂ စက်ရုံသို့ ရောက်ရှိကြပြီး အိမ်သုံးပရိဘောဂများ၊ ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် Ever November Garment အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်းများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ စက်ရုံမန်နေဂျာ ဦးကျော်တင့်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံမှ ထုတ်လုပ်သော အဝတ်အထည်များကို ဝယ်ယူအားပေးကြသည်။

အလားတူ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ကရင် ကျမ်းစာသင်ကျောင်း၊ လားဟူခရစ်ယာန်ကျောင်း၊ ကရင်နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

❍ အိန္ဒိယလူမျိုးမှ

စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လူလိုက်ပါခြင်းမရှိသော လလေ့လာရေးယာဉ်သည် နေစကြာဝဠာနှင့်ပတ်သက်၍ ပထမဆုံးအကြိမ် စူးစမ်းလေ့လာနိုင်မည်ဖြစ်သည်။ပြုပြင်တည်ဆောက်ထားသော PSLV ရော့ဒ်ကက်ဒုံးပျံ ယာဉ်ဖြင့် လလေ့လာရေးအာကာသယာဉ်ကို လွှတ်တင်မည်ဖြစ်သည်။ အဆိုပါယာဉ်သည် လကို လှည့်ပတ်ကာ စူးစမ်းလေ့လာမည်ဖြစ်သည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့သည် အမေရိကန်အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)နှင့်လည်း အာကာသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိသည်။

နာဆာနှင့် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းတစ်ရပ်မှာ ပြန်လည်အသုံးပြုနိုင်သော အာကာသဒုံးပျံယာဉ်တည်ဆောက်နိုင်ရန် ဖြစ်သည်။ အကြိမ်ကြိမ်အသုံးပြုနိုင်သော ဒုံးပျံယာဉ်ဖြင့် ဂြိုဟ်တုများကို လှည့်ပတ်နိုင်မည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအောင်မြင်ပါက ဂြိုဟ်တုငယ်များကို ကုန်ကျစရိတ် သက်သက်သာသာဖြင့် လွှတ်တင်လာနိုင်မည်ဖြစ်သည်။

ဂြိုဟ်တုလွှတ်တင်သည့်လုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်လာနိုင်မည်။ ယခုအခါ အဖန်ဖန်အသုံးပြုနိုင်သော ဒုံးပျံယာဉ်ကို တည်ဆောက်လျက်ရှိပြီး ၂၀၀၈ ခုနှစ်အရောက်တွင် ပစ်လွှတ်နိုင်မည်ဟု မျှော်လင့်ရသည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့သည် အခြားသော နိုင်ငံများအတွက် ဂြိုဟ်တုလွှတ်တင်ပေးသည့် လုပ်ငန်းကို လုပ်ကိုင်လာနိုင်မည်ဟု မျှော်လင့်ရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၀၅ ခုနှစ် နှောင်းပိုင်းက အစ္စရေးနိုင်ငံအတွက် ထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ် နှောင်းပိုင်းတွင်လည်း အိန္ဒိယနိုင်ငံအတွက် နောက်ထပ် ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ပေးမည်ဖြစ်သည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့သည် နိုင်ငံပိုင် အာကာသအေဂျင်စီဖြစ်သည်။ ယင်းအဖွဲ့၏ ဌာနချုပ်မှာ ဘင်ဂလိုမြို့တွင် တည်ရှိသည်။ ဝန်ထမ်းအင်အား ၂၀၀၀၀ ခန့်ရှိသည့် ယင်းအဖွဲ့အစည်း၏ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့်ဖြစ်သည်။ အာကာသနှင့် သက်ဆိုင်နေသော နည်းပညာရပ်များ တီထွင်ဖော်ထုတ်ရန်၊ ယင်းပညာရပ်များကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အာကာသသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၈:၁၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice In Reading.
၄:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၅:၀၀	၅။	အကပဒေသာ
၅:၁၀	၆။	မြန်မာစာ မြန်မာစကား
၅:၂၀	၇။	မြန်မာ့ရိုးရာတေးဓလေ့ ကျေးလက်တေးသံများ
၅:၃၀	၈။	**“ဆွေမျိုးတော်ပေမယ့်” (ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ–သက်တင်)**
၅:၃၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၄၅	၁၀။	**“စက်မှုဇုန်မှာ ကျွန်မ စက်ရုံ လာတည်တော့မယ်” (ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်[ရှမ်းပြည်] သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး) (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)**
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	**နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၂၇)**
၆:၅၀	၁၄။	အလှရှာမယ် လှကမ္ဘာဝယ်
၇:၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ခြင်းနှင့်အတူ” (အပိုင်း–၁၉)**
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၁)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၁၃၆၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၆၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး သက်ကြီး စာပေပညာရှင်ကြီးများအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်သည်။

ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများကိုယ်စား ဆရာမကြီး ဒေါ်ကြန် (မကြန်) ဩဝါဒစကား ပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ ဦးတင်အောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ စာပေပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင် (သန်းမောင်)က ၁၃၆၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေ ပညာရှင်ကြီးများ ကန်တော့ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်)က ဖတ်ကြားသည်။

ဆက်လက်၍ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏ အမည်စာရင်းကို ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်ခိုင်(မြတ်ခိုင်)က ဖတ်ကြားသည်။

ထို့နောက် အလှူရှင်များ စာရင်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရဲမှူးကြီး ခင်မောင်ထွန်း (အငြိမ်းစား) (ခင်မောင်ထွန်း–လမ်းမတော်)က ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား ညီညာဖြိုဖြို လက်အုပ်ချီမိုး၍ ရှိခိုးကန်တော့ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများဖြစ်ကြသော ဒေါ်ကြန်(မကြန်)၊ ဦးလှကြိုင်(ပါရဂူ)၊ ဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား)(မှူးသမိန်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦးမောင်ကလေး (သောကြာ)၊ ဦးအောင်စိုး (အောင်စိုး)၊ ဒေါ်ရင်ရင်(စောမုံညင်း)နှင့် ဒေါ်အုန်းခင် (အင်းလျားကြည်ရွှင်)တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်တစ်သောင်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က လှူဒါန်းငွေကျပ်ကိုးသောင်း စုစုပေါင်းငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တရားရုံးချုပ် တရားသူကြီး ဒေါက်တာဦးတင်အောင်အေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီး ပညာရှင်ကြီးများအား အလှူငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီးပညာရှင်ကြီးများ အား တစ်ဦးချင်းဂါရဝပြု လိုက်လံ နှုတ်ဆက်သည်။

ထို့နောက်ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများ ကိုယ်စား ဆရာမကြီး ဒေါ်ကြန် (မကြန်)က ဩဝါဒစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) က ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် ကန်တော့ခံသက်ကြီးစာပေပညာရှင် အသက်(၈၀)နှစ်နှင့် အထက် စုစုပေါင်း ၁၁၁ ဦးရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများမှာ ၇၁ ဦး ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးတစ်ဦးအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုဝင်ဘာ ၁၉ ရက်က အာဆီယံ သတင်းစာဆရာများ၏ မလေးရှားနိုင်ငံ လေ့လာရေးခရီးစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင် (သီဟအောင်)နှင့် စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)တို့ မလေးရှားနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

စတုဘုမ္မိက ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း၊ ၈/မြောက်ရပ်ကွက် စတုဘုမ္မိကမင်္ဂလာရိပ်သာ ဆရာတော် ဘဒ္ဒန္တကုမာရ သာသနဓဇ မဟာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယနှင့် တပည့် သာဝကများ စုပေါင်း၍ စတုဘုမ္မိက နိကာယ နှစ်ပတ်လည် သံဃာ့အစည်းအဝေးသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် တရားစခန်းပွဲကို ဒီဇင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ ယောဂီများ ကြိုတင်ကြွရောက် လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၄၅	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၁၀	၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ မိုးလေဝသသတင်း
၆:၃၅	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လွမ်းမပြေ" (အပိုင်း–၁၉)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ မေးမြန်းစူးစမ်း
	၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ဘက်မတူတဲ့တက်လူ (အပိုင်း၂၁)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

သစ်တော သစ်ပင်ဒို့ချစ်ခင် သာယာလှပ စိမ်းမြမြ

မကွေးတိုင်း အနောက်ခြမ်းဒေသများ ဖွံ့ဖြိုးရေးအထောက်အကူပြုမည့် ဖူးရှာရေလှောင်တမံ စီမံကိန်း

သတင်းဆောင်းပါး၊ ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားပါ ထုတ်ယူရရှိရေးအတွက် ဘက်စုံရေလှောင်တမံစီမံကိန်းများကိုပါ တည်ဆောက်အကောင်ထည်ဖော်လျက် ရှိသည်။

ယင်းသို့ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားပါ ထုတ်ယူရရှိမည့် ရေလှောင်တမံစီမံကိန်းများတွင် ဖူးရှာ ရေလှောင်တမံ စီမံကိန်းလည်း တစ်ခု အပါအဝင်ဖြစ်သည်။

ဖူးရှာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့၏ မြောက်ဘက် ၁၅မိုင်ခန့်အကွာ (မုန်းချောင်းရေလှောင်တမံမှ ၁၃မိုင်ခန့် အကွာ) ဖူးရှာအနီးတွင် တည်ရှိသည်။ မုန်းချောင်းပေါ်တွင် ကြီးအုံကြီးဝ ရေလှောင်တမံ တည်ဆောက်လျက်ရှိပြီး ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်ထုတ်လုပ်ပေးမည်ဖြစ်သည်။ ကြီးအုံကြီးဝ ရေလှောင်တမံ၏ အထက်ဘက် မုန်းချောင်းပေါ်တွင် မုန်းချောင်း ရေလှောင်တမံကို တည်ဆောက်ပြီးစီးခဲ့၍ ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ် ထုတ်လုပပေးလျက်ရှိသည်။ ထို့နောက် မုန်းချောင်း တမံ၏ အထက်ဘက်၌ ယခုအခါ ဖူးရှာရေလှောင်တမံ စီမံကိန်းကို တည်ဆောက်နေပြီး ရေအား လျှပ်စစ် ၄၂ မဂ္ဂါဝပ် ထုတ်လုပ်ပေးမည့်အပြင် အထက်ဘက် အထက်ဖူးရှာ စီမံကိန်းကိုလည်း စတင်နေပြီဖြစ်သဖြင့် အထက် ဖူးရှာ စီမံကိန်းမှ ရေအား လျှပ်စစ် မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးမည်ဟု သိရှိရသည်။

ဖူးရှာစီမံကိန်းသို့ သွားရောက်လေ့လာခဲ့ရာ၌ မကွေးမြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပဏာမ ရှင်းလင်းပြသသည်။ ထို့နောက် ဖူးရှာစီမံကိန်း တည်ရှိရာနေရာသို့ ဒုတိယ ညွှန်ကြား ရေးမှူး၏ စီစဉ်ပေးမှုဖြင့် ဖူးရှာစီမံကိန်းရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်မြင့် လိုက်ပါ၍ သွားရောက်ခဲ့သည်။ တည်ဆောက်ပြီး မုန်းချောင်း ရေလှောင်တမံတွင် ခေတ္တနားခိုခဲ့ပြီး မုန်းချောင်းရေဝပ်ဧရိယာ (ကန်ရေ)မှ စက်လှေစီး၍ ဖူးရှာစီမံကိန်းသို့ ဆန်တက်ခဲ့သည်။ ရေမိုင် ၁၂ မိုင်အရောက်တွင် မကြီးရွာ လှေဆိပ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် အနောက်မြောက် သုံးမိုင်ဝင်ရောက်ခဲ့ပြီး ဖူးရှာ ရေလှောင်တမံစီမံကိန်း ဧရိယာသို့ ရောက်ရှိခဲ့သည်။

ဖူးရှာစီမံကိန်း တည်ဆောက်နေသည့် နေရာတွင် တာဝန်ခံလက်ထောက်အင်ဂျင်နီယာ ဦးကျော်နိုင်ဦးက လိုက်လံပြသရှင်းလင်းပြီး စီမံကိန်းအချက်အလက်များကို ရှင်းလင်းပြောပြခဲ့သည်။



ဖူးရှာရေလှောင်တမံစီမံကိန်းတွင် မြေကြီးလုပ်ငန်းများကို စက်ယန္တရား ကြီးများဖြင့် ဆောင်ရွက်နေကြစဉ်။

ခြင်း၊ ရေထုတ်ပြွန်နှင့် ရေလွှဲမြောင်း တည်ဆောက်ခြင်း၊ ဖိအားမြှင့်သံမဏိပိုက်လုံး တည်ဆောက်ခြင်း၊ ရေအား လျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းတို့ ပါဝင်ပြီးတမံတည်ဆောက်ခြင်း လုပ်ငန်းမှ ရေစိမ့်တား နံရံ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၆ ခု ဇန်နဝါရီလ ၁၇ ရက်နေ့က သတ်မှတ်ထားသော ပေ ၁၁၀၀ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ရာခိုင်နှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရှိရသည်။ ပင်မတမံ တည်ဆောက်နိုင်ရန်အတွက် တမံအောက်ခြေ ရှင်းလင်းခြင်း၊ တောင်စောင်းများ ဘေးနှစ်ဖက် ဆင်ခြေလျှောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဖူးရှာရေလှောင်တမံ တည်ဆောက်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ-

(၁) နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၁၉၅ ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်လုပ်နိုင်ရန်၊

(၂) ဖူးရှာရေလှောင်တမံ တည်ဆောက်ပြီးစီးပါက မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ မူလ နှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း ၁၈၀ ခန့် ထပ်မံတိုးချဲ့ ထုတ်လုပ်ရန်၊

(၃) ဖူးရှာရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းမှ မူလနှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀ ခန့် ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်ရန်

တို့ ဖြစ်သည်။

ဖူးရှာရေလှောင်တမံစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ရာ မကွေးတိုင်း အနောက်ဘက်ခြမ်း ဒေသများတွင် စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားများ ပိုမိုရရှိစေမည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် များစွာအကျိုးပြုမည့် စီမံကိန်းဖြစ်ပါကြောင်း တင်ပြရေးသား လိုက်ရပါသည်။ ။

တည်ဆောက်

ဖူးရှာရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများတွင် ခေတ်မီ စက်ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်နေသည်။

- တမံပိတ်သောချောင်းအမည်	- မုန်းချောင်း
- ရေဆင်းဧရိယာ	- ၁၂၀၀ စတုရန်းမိုင်
- နှစ်စဉ်ပျမ်းမျှမိုးရေချိန်	- ၄၅ လက်မ
- နှစ်စဉ်ပျမ်းမျှစီးဝင်ရေ	- ၂၅၉၈၁၀၀ ဧကပေ
- တမံအမျိုးအစား	- မြေသားတမံ (ဇုန်အမျိုးအစား)
- တမံအလျား	- ပေ ၂၃၁၀
- တမံအမြင့်	- ၂၀၅ ပေ
- ကန်ရေပြည့်ရေလှောင်ပမာဏ	- ဧကပေ ၄၀၃၃၀၀
- ကန်ရေသေရေလှောင်ပမာဏ	- ဧကပေ ၁၇၄၈၅၀
- ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ	- ၆၁၈၇ ဧက
- ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား	- ၄၂ မဂ္ဂါဝပ် (၂၁ မဂ္ဂါဝပ် xနှစ်လုံး)
- နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မည့်လျှပ်စစ်စွမ်းအား	- ၁၉၅ ကီလိုဝပ်နာရီသန်းပေါင်း

ဖူးရှာရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ရာတွင် အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်

မြို့တော်ဝန် ဗိုလ်မှူးချုပ် **အောင်သိန်းလင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှသံမှူး** Mr. Yu Boren **နှင့် ခိုင်ခိုင်ကုမ္ပဏီဥက္ကဋ္ဌ** Mr. Yu Jian Chen **တို့ ခိုင်ခိုင် ကုမ္ပဏီလီမိတက်၏ စက်ရုံအတွင်း ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)

ခိုင်ခိုင်ကုမ္ပဏီလီမိတက် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ခိုင်ခိုင်ကုမ္ပဏီလီမိတက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန် (၃/၄)အမှတ်(၈၀)ရှိ အဆိုပါ ကုမ္ပဏီလီမိတက် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ကုမ္ပဏီဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Yu Boren၊ ခိုင်ခိုင် ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Yu Jian Chenနှင့်အဖွဲ့ဝင်များ၊ ဖုကျိုးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ခိုင်ခိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ Mr. Yu Jian Chenနှင့် တာဝန်ရှိသူများက ခိုင်ခိုင်ကုမ္ပဏီကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခိုင်ခိုင်ကုမ္ပဏီဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကုမ္ပဏီဖွင့်ပွဲ အခမ်းအနားကို စက်ရုံအတွင်း၌ ကျင်းပရာ ခိုင်ခိုင်ကုမ္ပဏီဥက္ကဋ္ဌ Mr. Yu Jian Chen က စက်ရုံနှင့် စပ်လျဉ်းပြီး ထုတ်လုပ်သည့်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဖုကျိုးအသင်း ဥက္ကဋ္ဌတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခိုင်ခိုင်ကုမ္ပဏီမှ ကားထုတ်လုပ်မည့် စက်ရုံအတွင်းရှိ စက်ပစ္စည်းများကို လည်းကောင်း၊ ဘိုင်အိုဒီဇယ်ထုတ်လုပ်မည့် စက်ရုံနှင့် သံမဏိစက်ရုံအတွင်း လှည့်လည် ကြည့်ရှုကြသည်။ အဆိုပါ ခိုင်ခိုင် ကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကိုမှာယူလိုလျှင်သာဓုကန်စက်မှုဇုန် (၃/၄)အမှတ်(၈၀) ရွှေပြည်သာမြို့နယ် ဖုန်း-၀၉၅၁၂၄၉၉၁ နှင့် ၀၉၅၁၇၀၁၆၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညောင်ရိပ်သာအဘိဓမ္မာနိတရားစခန်း

ရန်ကုန် နိုဝင်ဘာ ၁၉

သာကေတမြို့နယ် ၁၀ တောင် ရပ်ကွက် ၁၀၈ တောင် စွယ်တော်ရှင် ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရ နည်းအတိုင်း ပဓာန နာယက (ငန်းချောင်း) အရှင်ကေသရာဘိဝံသ ဆရာတော်က နတ်တော်လပြည့်ကျော် ၈ ရက် (၁၂-၁၂-၂၀၀၆)မှ လကွယ်နေ့ အထိ ခုနစ်ရက်အဘိဓမ္မာနိတရားစခန်းကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသူများ ဖုန်း-၅၄၇၀၂၅သို့ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/ ၂၀၀၆) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စွမ်းရည်(၃)ရပ်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အမှာ စကားပြောကြားရာတွင် သင်တန်းသားများအနေဖြင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မည်သည့်အခက်အခဲများ တွေ့ပါစေ အောင်မြင် ပြီးမြောက်အောင်လုပ်မည့် ဇွဲ၊ သတ္တိ၊ အားမာန်ဟူသော စိတ်ဓာတ်ကောင်းများရှိရန်၊ စည်းကမ်းကောင်းမွန်ရန်၊ အလုပ်ထဲတွင် စေတနာကောင်း စိတ်ကောင်းထည့်ပြီး လုပ်ကိုင် ဆောင်ရွက်ရန် စသည့် စွမ်းရည်(၃)ရပ်တို့ကို ပြည့်စုံအောင် ဖြည့်ဆည်း နေရမည်ဖြစ်ကြောင်း။

တစ်ဦးချင်းစွမ်းရည်စွမ်းအားမြင့်မားလာခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏စွမ်းဆောင်မှုများ ယခင်ကထက် ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်သည့်အတွက် ထက်ထက်သန်သန် တက်တက်ကြွကြွဖြင့် သင်တန်းက ပို့ချသည်များကို ဆည်းပူးလေ့လာသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။

(သတင်းစဉ်)

နိုဝင်ဘာ ၁၅ရက်က အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့် ၂၀၀၆ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် The Grand Mee Ya Hta **အသင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးမိသားစု၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ဈေးသာယာရေးအဖွဲ့က ဦးဆောင်လျက် တန်ဖိုးကျပ် ၂၁ သိန်းခန့်ရှိ ပဒေသာပင်များဖြင့် မြို့နယ်အတွင်းလှည့်လည်ကြစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၆) ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွားဆောင်းပါး (လေဆိပ်ထဲက မာရသွန်ပွဲ)၊ မစ္စတာဂမ်ဘာရီ သံတမန်ခရီးစဉ်ပြီးဆုံး၊ ဘိုပက်က ကန်ဒေါ်လာ ၁၂ဒသမ၃သန်း မြန်မာသို့ ထုတ်ချေး ဆီထွက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်သွားရန်ဖြစ်၊ သုဝဏ္ဏဘုမ္မိ လေယာဉ်ကွင်း တိုးချဲ့ဆောက်လုပ်ရေးစီမံကိန်းအတွက် မြန်မာလုပ်သားတစ်သောင်း ခေါ်ယူမည်၊ ကျွမ်းကျင်အဆင့် တစ်နေ့ဘတ်ငွေ ၂၅၀ ရရှိမည်ဖြစ် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကုလသမဂ္ဂရာထူးလက်ခံရန် မစ္စတာဘန်ကီမွန်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နှုတ်ဆက်၊ တောက်ပလာတော့မယ့် အင်္ဂလန်ကြယ်ပွင့်သစ် စပါးကွင်းလယ် ကစားသမား အာရွန်လန်နွန်၊ တရုတ်နိုင်ငံမြို့ပြအလုပ်လက်မဲ့ ၂၀၁၀ ပြည့်နှစ်၌ ၁၀ သန်း ဖြစ်လာနိုင်၊ ထိုင်းပြည်သူ့အမျိုးသားညီလာခံအတွက် သတင်းစာဆရာ ၁၃ ဦး ရွေးချယ်ထားပြီ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

အသင်းပြောင်းရွှေ့ရေး စဉ်းစားရဖွယ်ရှိကြောင်း အာဂျင်ရော်ဘင်ပြော

လန်ဒန် နိုဝင်ဘာ ၁၉

ချယ်လ်ဆီးအသင်း၏ နည်းပြဟိုဆေးမော်ရင်ညိုသည် ဘောလုံးသမားများအား အလှည့်ကျကစားစေသည့်စနစ်ကို ဆက်လက်ကျင့်သုံးနေမည်ဆိုပါက အသင်းပြောင်းရွှေ့ကစားရေးကို မိမိစဉ်းစားရလိမ့်မည်ဖြစ်ကြောင်း ဒတ်ချ်လူမျိုးဘောလုံးသမား အာဂျင်ရော်ဘင်က ယနေ့ပြောကြားသည်။

အသက် ၂၂နှစ်အရွယ်ရှိ ဘောလုံးသမားရော်ဘင်သည် နည်းပြမော်ရင်ညိုနှင့် ဆက်ဆံရေးမပြေမလည်ဖြစ်နေကြောင်း လက်ရှိဘောလုံးရာသီအစောပိုင်းကတည်းကပင်လျှင် ကောလာဟလသတင်းများ ပေါ်ထွက်ခဲ့သည်။

လက်ရှိဘောလုံးရာသီအတွင်း ချယ်လ်ဆီးအသင်းယှဉ်ပြိုင်ကစားသည့် ပွဲပေါင်း ၂၀အနက် ၁၀ပွဲတွင်သာရော်ဘင်ပါဝင်ကစားနိုင်ခဲ့သည်။ ၎င်းသည် ဘောလုံးရာသီအစတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တစ်လကြာမျှအနားယူခဲ့ရသည်။

မိမိသည် ချယ်လ်ဆီးအသင်း၏ ပထမဦးစားပေးဘောလုံးသမားများ စာရင်းတွင် ပါဝင်လိုကြောင်း၊ ပြိုင်ပွဲများတွင် ပါဝင်ရန်မိမိ၏ဘောလုံးကစားချိန်ကို တိုးပေးမည်ဟု မော်ရင်ညိုက ကတိပြုခဲ့ကြောင်း မော်ရင်ညို၏အပြောကို အလုပ်နှင့်သက်သေပြစေလိုကြောင်း ရော်ဘင်ကပြောကြားသည်။ **အင်တာနက်။**

ဘာရာဇီးလက်ရွေးစင်အသင်းတွင် ပြန်လည်ပါဝင်ကစားရန် ကာဖူးဆန္ဒရှိ

ဘာရာစီလီယာ နိုဝင်ဘာ ၁၉

အေစီမီလန်အသင်း၏ နောက်တန်း ဘောလုံးသမားကာဖူး။
(ဓာတ်ပုံ-အင်တာနက်)

ဘာရာဇီး လက်ရွေးစင်အသင်း၏ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အသင်းခေါင်းဆောင်ဖြစ်သူ ကာဖူးသည် နည်းပြသစ် ဒွန်ဂါ၏ ယင်းအသင်းတွင် ပြန်လည်ပါဝင်ကစားရန် ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဝါရင့် ဘောလုံးသမားတစ်ဦးဖြစ်ပြီး အေစီမီလန်အသင်း၏ နောက်ခံလူတစ်ဦးဖြစ်သူ ကာဖူးသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် သုံးကြိမ်ဆက်တိုက် ပါဝင်ကစားခဲ့သည်။ ကာဖူးပါဝင်သည့် ဘာရာဇီးအသင်းသည် ၁၉၉၄ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၌ အနိုင်ရဗိုလ်စွဲခဲ့ပြီး ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။

ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် အထိသာ ဘာရာဇီးအသင်း ရောက်ရှိခဲ့ပြီးနောက် ယင်းအသင်း၏နည်းပြ ကာလို့စ် အယ်လ်ဘာတို ပရဲယား နုတ်ထွက်သွားခဲ့ရာ နည်းပြသစ်အဖြစ် ဒွန်ဂါက အစားထိုးဝင်ရောက်လာသည်။

မိမိအား နည်းပြသစ် ဒွန်ဂါက ခေါ်ယူရန် မိမိတိုက်တွန်းခြင်း မရှိကြောင်း၊ သို့ရာတွင် ၎င်းလိုလားပါက ဘာရာဇီးအသင်းတွင် ပါဝင်ကစားရန် မိမိအသင့်ရှိကြောင်း ကာဖူးက ပြောကြားသည်။ **အင်တာနက်**

ဝီဂန်နှင့် အက်စတန်ဗီလာ ဂိုးမရှိသရေကျ

လန်ဒန် နိုဝင်ဘာ ၁၉

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ ဝီဂန်အသင်းနှင့် အက်စတန်ဗီလာအသင်းတို့ ဂိုးမရှိသရေကျခဲ့ကြသည်။

ယခုပွဲတွင် ဝီဂန်အသင်းသည် ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ ဝီဂန်အသင်းသည် လက်ရှိဘောလုံးရာသီတွင် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ ဂိုးမရှိသရေကျမှုမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

ဝီဂန်အသင်းမှ လီမက်ကျူလော့ချ်သည် ပွဲကစားချိန် အစောပိုင်းမှာပင် ခေါင်းတိုက်၍ ဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဗီလာဂိုးသမား သောမတ်စ်ဆော်ရင်ဆင် ကာကွယ်နိုင်ခဲ့သည်။ ဝီဂန်အသင်းမှ ပေါလ်ရှာနားမှာလည်း နှစ်ကြိမ်တိုင်တိုင် ဂိုးသွင်းရန် အခွင့်အရေးများရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။

ဒုတိယပိုင်းအစတွင် ဗီလာအသင်းမှ အဆာရီးယားအိုဘူနီ ဂိုးသွင်းခွင့်နှင့် နီးစပ်ခဲ့သော်လည်း ဝီဂန်နောက်တန်းက ကာကွယ်လိုက်နိုင်သည်။ **အင်တာနက်**

Since - 1947

HALAL

ကြက်လျှာစွန်း ဒံပေါက်နှင့် ဟင်းမျိုးစုံ

ကြက်လျှာစွန်း ဒံပေါက် ဆိုင်ခွဲအမှတ် (၁)ကို အမှတ် (၂၅၁)၊ ဘားကရာလမ်း၊ (မြေနီကုန်း)

စမ်းချောင်းမြို့နယ်၊(ဂမုန်းပွင့်ကုန်တိုက်အနီး)တွင် (၁၇–၁၁–၂၀၀၆) မှ စတင်ဖွင့်လှစ်လိုက်ပါပြီ။

အလှူမင်္ဂလာပွဲများအတွက်...

- ကြက်သား ဒံပေါက်
- ကြက်အသဲအမြစ် ဒံပေါက်
- ကြက်သားနတ်သုဖွါ ဒံပေါက်
- ကြက်တောင်လုံးပေါင်း ဒံပေါက်
- ဆိတ်သား ဒံပေါက်
- ဆိတ်သားနတ်သုဖွါ ဒံပေါက်
- ထောပတ်ထမင်း + ကြက်သားဟင်း
- ထောပတ်ထမင်း + ဆိတ်သားဟင်း
- သက်သတ်လွတ်သီးစုံဒံပေါက်
- ပဲထောပတ်ထမင်း + ကြက်သားဟင်း
- ပဲထောပတ်ထမင်း + ဆိတ်သားဟင်း

အထူးအော်ဒါလက်ခံပါသည်။

တစ်ခါနက်ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များကို ကျေးဇူးတင်ရှိပါသည်

ဦးတာစင် – ကြက်လျှာစွန်းဒံပေါက်

ပင်ရင်း ◆ အမှတ် (၆၅)၊ ၁၁၉–လမ်း၊ မဘူကုန်းဆီဈေး(မင်္ဂလာဈေးအနီး)၊ ရန်ကုန်မြို့။ ☎ – ၂၉၄၈၆၇ ☎ –၀၉–၅၀၁၈၁၂၂

ဆိုင်ခွဲ(၁) ◆ အမှတ်(၂၅၁)၊ ဘားကရာလမ်း၊(မြေနီကုန်း)စမ်းချောင်းမြို့နယ်၊(ဂမုန်းပွင့်ကုန်တိုက်အနီး)။ ☎ – ၀၉–၅၀၁၈၂၆၅

ပင်ရင်းဆိုင်နှင့် ဆိုင်ခွဲအမှတ် (၁)မှအပ အခြားမည်သည့်နေရာတွင်မှ ဆိုင်ခွဲဖွင့်လှစ်ရောင်းချခြင်းမရှိပါ။

PERFECT (ပါဖက်)

Electronic Centre အရောင်းဆိုင်အားနေရာပြောင်းလဲ ဖွင့်လှစ်ခြင်း။

PERFECT ELECTRONIC အရောင်းဆိုင်အား မဟာဗန္ဓုလပန်းခြံလမ်း(ယခင်ဘားလမ်း) ဆိုင်တွင် ဖွင့်လှစ်ရောင်းချခြင်း မရှိတော့ပါ။ ယခုအခါ **PERFECT ELECTRONIC** ဆိုင်အား အမှတ်(၁၉၈) ပန်းဆိုးတန်းလမ်းရှိ **EXCELLENCE Electronic** ဆိုင်နှင့်တပေါင်းတစည်းတည်း ဖွင့်လှစ်ရောင်းချပေးနေပြီဖြစ်ကြောင်း **PERFECT Electronic**ဆိုင်တွင် အစဉ်တစိုက်ဝယ်ယူအားပေးကြသော မိတ်ဆွေများအား ခင်မင်ရင်းနှီးစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ **Excellence Electronic Centre**

အမှတ် (၁၉၈) ပန်းဆိုးတန်းလမ်း ဖုန်းနံပါတ်များ ၃၈၆၅၇၄၊ ၂၄၅၁၀၄၊

Hand Phone 0999 25382 - 0950 12355 - 098034061

ပိုမိုးနှင်း

ချစ်သူကိုပေး

အဆက်သစ်စာပေ ဖုန်း – ၃၉၄၀၅ ထွက်ပြီ

ကြယ်မွှေး

ဘောက်ကျတဲ့ယောက်ျား

အဆက်သစ်စာပေ ဖုန်း – ၃၉၄၀၅ ထွက်ပြီ



လက်ထပ်ပြီးစီးခြင်း

တနင်္သာရီတိုင်း၊ ပလောမြို့နေ (ဦးဘခိုင်)–ဒေါ်မြင့် တို့၏ သားထွေး

မောင်ကျော်စိုး (New Bern, U.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဣန္ဒနီလာလမ်း၊ အမှတ်(၂)နေ ဦးစိုးမြင့်[လ/ထ အင်ဂျင်နီယာ–ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]–ဒေါ်သန်းလှတို့၏ သမီးထွေး၊

ကိုညီလတ် (New Bern, U.S.A)–မကျန်ရာ (New Bern, U.S.A) တို့၏ ညီမငယ်

မနှင်းအိအိစိုး(ခ)နှင်းနှင်း B.Sc (Physics),D.B.S

New Bern, U.S.A

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီမှုအရ **NORTH CAROLINA** ပြည်နယ်၊ New Bern မြို့ တရားရုံးတွင် လက်မှတ်ရေးထိုးပြီး ၁၂–၁၁–၂၀၀၆ ရက်တွင် Thai Thai Restaurant၌ မင်္ဂလာညှော်ခံပွဲ ပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စိုး–မနှင်းအိအိစိုး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၂)လမ်းသွယ်၊ (၁)လမ်း၊ အမှတ်(၄၅)နေ ဦးရွှေ(တိုင်းထွာရေးမှူး–အငြိမ်းစား၊ မိုးဇလ)–ဒေါ်ကြိုင် တို့၏ သားထွေး

မောင်စိုးမြတ်ကျော်

ဒုတိယနှစ်၊ မြန်မာစာ(ခေတ္တ–ဂျပန်)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၇)နေ ဦးဝိဆိုင်–ဒေါ်သန်း (ငွေခြည်သို့အမွေးတိုင်) တို့၏ သမီးထွေး

မဥမ္မာချို B.A(Philosophy)၊ Q-1 (ခေတ္တ–ဂျပန်)

တို့သည် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်၌ ၄–၁၁–၂၀၀၆ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးမြတ်ကျော်–မဥမ္မာချို

တိုင်း

ရေဒီယိုသံပုံ

- TV/VIDEO, VCD, DVD
- Satellite Receiver

☎ - 535151, 09-8034548, 09-5121372

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ **G.S.M (Samsung)** အမျိုးအစား အနက်ရောင် ခေါက်ဖုံး (ကင်မရာ)ပါ တစ်လုံးသည် တောင်ဒဂုံ(အောင်ဇေယျာအိမ်ရာ)မှ ဒဂုံစင်တာသို့အသွား တက္ကစီ အစိမ်းပုပ်ရောင်ကားပေါ်တွင် မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိသူမှ အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

၀၉–၅၁၅၆၄၈ / ၀၉၅၁၅၄၁၇၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲနှင့် ဘိုးဘွားရိပ်သာဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲနှင့် ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာကို ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အလှူရှင် ဦးငွေသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေး အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များအား လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လှိုင်သာယာစက်မှုဇုန်၏ တည်နေရာ၊ အကျယ်အဝန်း၊ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှု အခြေအနေနှင့် စက်မှုဇုန်အကြောင်း သိကောင်းစရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က FAMEစက်ရုံသည် ၂၀၀၂ခုနှစ် ဇန်နဝါရီလမှ စတင်၍ သဘာဝဆေးဝါးများကို **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❐

အမျိုးသားညီလာခံကိုယ်စားလှယ်များ လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်ရှိ Ever November Garment အထည်ချုပ်စက်ရုံတွင်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၀-၁၁-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



ဂြိုဟ်တု လွှတ်တင်ရာတွင် အသုံးပြုသော PSLV အာကာသဒုံးပျံယာဉ်ကို အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ် ကမ်းလွန်ရှိ ဆရီဟာရီကိုတာကျွန်း၌ နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အ င် တ ာ န က် သိ ပ္ပံ သ တ င်း

အိန္ဒိယလူမျိုး အာကာသယာဉ်မှူးတစ်ဦး လမျက်နှာပြင်ပေါ် ခြေချရန် စီမံကိန်းချမှတ်

နယူးဒေလီ နိုဝင်ဘာ ၁၉

အိန္ဒိယနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ လမျက်နှာပြင်ပေါ်တွင် အိန္ဒိယလူမျိုးအာကာသယာဉ်မှူးတစ်ဦး ခြေချနိုင်စေရန် စီမံကိန်းချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နှင့် ဂျပန်နိုင်ငံတို့နှင့် အာကာသစူးစမ်းလေ့လာရေးတွင် ရင်ပေါင်တန်းနိုင်စေရန် ကြိုးပမ်းလျက်ရှိသည်။ ချန်ဂီဟူ၍ အမည်ပေးထားသော လ-လေ့လာရေးအာကာသယာဉ်ကို တရုတ်နိုင်ငံကလည်းကောင်း၊ ဆယ်လင်း-၁ ဟူ၍ အမည်ပေးထားသော လ-လေ့လာရေးအာကာသယာဉ်ကို ဂျပန်နိုင်ငံကလည်းကောင်း ၂၀၀၇ ခုနှစ်တွင် အသီးသီးလွှတ်တင်ရန် စီစဉ်ထားပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လ-လေ့လာရေး အာကာသယာဉ် တစ်စင်းကိုစေလွှတ်နိုင်ရန် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❍